# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ် (၁၃၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင် မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၇

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များထဲမှ တန်ဆောင်မုန်းလပြည့် သာမညဖလပွဲတော်နေ့ ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်း တစ်ရပ်အဖြစ် ထိန်းသိမ်းလက်ဆင့်ကမ်းပြီး နှစ်စဉ် ကျင်းပပြုလုပ်ကြသည်။

**ဖူးမြော်ကြည်ညို**

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျှာသက်န်း ကပ်လှူခြင်း၊ ကထိန်ခင်းခြင်း၊ ဒါနသီလဘာဝနာ ကုသိုလ်ယူ ဆည်းပူးပွားများခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြပြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်းများကို ပြုလုပ်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဆီမီး၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။


**ယနေ့** *ဖတ် စ ရာ*

**ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားများတွင် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) အခမ်းအနားများ ကျင်းပလျက်ရှိရာ ဘုရားဖူးလာပြည်သူများ စည်ကားစွာ လာရောက်ဖူးမြော်ကြည်ညို** — ပြည်တွင်းသတင်း | စာ - ၁၀

**တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား** — ပြည်တွင်းသတင်း | စာ - ၁၁

**တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့လုံးအနှံ့ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကားများပြား** — ပြည်တွင်းသတင်း | စာ - ၁၁

မြန်မာ့အလင်း

## အွန်လိုင်းပေါ်မှ ငွေကြေးလိမ်လည်မှု နည်းပရိယာယ်မျိုးစုံတို့ကို သတိပြု

အွန်လိုင်းမှတစ်ဆင့် နည်းအမျိုးမျိုးဖြင့် ငွေကြေးလိမ်လည်မှုများ အများအပြားဖြစ်ပေါ်လျက်ရှိရာ ပြည်သူများ သတိထားကြရန် လိုအပ်သည်။ လူတို့၏ အားနည်းချက်များဖြစ်သော မသိနားမလည်မှု၊ အယုံလွယ်မှုနှင့် လောဘတရားတို့ကို အသုံးချကာ အွန်လိုင်းမှ လိမ်လည်သူများက သားကောင်များကို ရှာဖွေပြီး အမြတ်ထုတ်နေကြခြင်းဖြစ်သည်။

အွန်လိုင်းငွေလိမ်မှုများတွင် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းမှသည် နိုင်ငံတကာရာဇဝတ်ဂိုဏ်းများအထိ ကျူးလွန်ကြခြင်းဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံအချို့ရှိ ဥပဒေနှင့် အလှမ်းဝေးသော ဒေသများတွင် အခြေစိုက်ကာ နိုင်ငံတကာသို့ အွန်လိုင်းမှတစ်ဆင့် ငွေလိမ်မှုပြုလုပ်နေသော လုပ်ငန်းများ၏ နောက်ကွယ်တွင် ရာဇဝတ်ဂိုဏ်းများက ကြိုးကိုင်ထားကြပြီး လူကုန်ကူးမှု၊ အဓမ္မခိုင်းစေမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ လိင်ကျွန်ပြုမှုအပါအဝင် ရာဇဝတ်မှုခင်းအများအပြားနှင့်လည်း ပတ်သက်နေကြသည်။ ၎င်းငွေလိမ်လုပ်ငန်းများက ကမ္ဘာအရပ်ရပ်တွင်ရှိသော ထိခိုက်လွယ်သူများကို ပစ်မှတ်ထားအယုံသွင်းဇာတ်လမ်းများဆင်၍ လည်းကောင်း၊ ဒစ်ဂျစ်တယ်ငွေကြေးရင်းနှီးမြှုပ်နှံမှုအတုများဖြင့် ဆွဲဆောင်၍လည်းကောင်း လိမ်လည်နေကြခြင်းဖြစ်သည်။

မိမိတို့နိုင်ငံတွင် လက်ကိုင်ဖုန်းများဖြင့် အင်တာနက်လူမှုကွန်ရက်အသုံးပြုသူအများအပြားရှိရာ လူမှုကွန်ရက်များမှတစ်ဆင့် ကျူးလွန်နေသည့် ဆိုက်ဘာရာဇဝတ်မှုများ အများအပြားဖြစ်ပေါ်လျက်ရှိသည်။ ပြည်သူများအနေဖြင့် ဆိုက်ဘာရာဇဝတ်မှုများကို ကာကွယ်နိုင်ရန်မှာ အယုံမလွယ်ရန်နှင့် လောဘ၏သွေးဆောင်ရာနောက်သို့ လိုက်ပါမသွားမိစေရန် ပင်ဖြစ်သည်။ အွန်လိုင်းပေါ်မှ လိမ်လည်သူများ၏ ခြောက်လုံးလှန့်လုံးပေးခြင်း၊ သွေးဆောင်ဖြားယောင်းခြင်းတို့အပေါ်တွင် အငိုက်မိကာ သတိလက်လွတ်ဖြင့် သားကောင်ဘဝသို့ ကျရောက်မသွားစေရန် သတိကပ်ထားကြရမည်လည်း ဖြစ်သည်။ အွန်လိုင်းပေါ်တွင် တွေ့မြင်နေရသည့် ဓာတ်ပုံ၊ ရုပ်ပုံ၊ ဗီဒီယိုများ၊ အသံဖိုင်များအပါအဝင် အချက်အလက်များ အားလုံးတို့အပေါ်တွင် ဆန်းစစ်လေ့လာနေရန်လိုအပ်ရာ အထူးသဖြင့် အွန်လိုင်းမှတစ်ဆင့် ငွေပေးချေမှု ပြုလုပ်ခိုင်းခြင်း၊ ငွေလွှဲခိုင်းခြင်း၊ ရင်းနှီးမြှုပ်နှံခိုင်းခြင်း၊ မိမိတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များ တောင်းယူခြင်း စသည်ဖြင့် မိမိဘက်မှ ငွေကြေး သို့မဟုတ် တစ်စုံတစ်ရာပေးအပ်ရန် တောင်းဆိုမှုများမှာ လိမ်လည်မှုဖြစ်သည်ဟူ၍ သိထားကြရန် လိုသည်။

စင်စစ်အားဖြင့် လိမ်လည်သူများ၏ နည်းပရိယာယ်မှာ လွန်စွာရိုးရှင်းသည်။ ဦးစွာ ဆွဲဆောင်မှုပြုလုပ်ပြီး နောက်မှ လိမ်လည်ခြင်း သို့မဟုတ် ဦးစွာ ခြောက်လှန့်ကျုံးသွင်းပြီး နောက်မှ လိမ်လည်ခြင်းသာဖြစ်သည်။ လိမ်နည်းပရိယာယ်မျိုးစုံ၊ ပုံစံမျိုးစုံ မည်သို့ပင်လာစေကာမူ သတိ၊ အသိတို့ဖြင့် မိမိကိုယ်ကိုကာကွယ်နိုင်ရမည်ဖြစ်သည်။ မိမိဘက်မှတစ်ဆင့် စတင်ပေးရမည့် ငွေကြေး၊ ကိုယ်ရေးအချက်အလက်တို့ကို အလွယ်တကူမပေးပို့ရန်နှင့် လိမ်လည်မှု၊ နစ်နာမှုတို့ ဖြစ်ပေါ်ခဲ့ပါကလည်း သက်ဆိုင်ရာတွင် အမှုဖွင့်တိုင်ကြားရန်အတွက် အကျိုးမျှော်ကာ နှိုးဆော်အပ်ပါကြောင်း။ ။

## ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးအတွင်း ရွှေ့လျားစက်လှေကားဖွင့်ပွဲနှင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ ကျင်းပ

ပဲခူး နိုဝင်ဘာ ၇



ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ်၌ ရွှေ့လျားစက်လှေကားဖွင့်ပွဲနှင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတို့ကို ယမန်နေ့ ညနေပိုင်းက အဆိုပါစေတီတော်၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကြွရောက်လာသည့် ဩဝါဒစရိယ ဆရာတော်ကြီးများက ဇယန္တော ဗောဓိယာမူလေ အောင်ဂါထာကို ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ စက်လှေကားကို စတင်မောင်းနှင်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ရင်ပြင်တော်ပေါ်ရှိ ကျောက်ပန်းတောင်းဓမ္မာရုံ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ မြို့မစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဂန္ဓမာ အဘိဓဇမဟာရဋ္ဌဂုရု မဟာထေရ်မြတ်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေကြသည်။

ထို့နောက် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ (၄၁) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပူဇော်ပွဲကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်နှင့် အလှည့်ကျဂေါပက ဦးထွန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မင်္ဂလာမောင်းသုံးချက်တီးကာ မသိုးသင်္ကန်း စတင်ရက်လုပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယှဉ်ပြိုင်ရက်လုပ်နေသည့် ဂေါတမီစင်တော်၊ ယသော်ဓရာစင်တော်၊ ဝိသာခါစင်တော်၊ ရှင်စောပုစင်တော်၊ ရာဇဓာတုကလျာစင်တော်နှင့် သုဇာတစင်တော် ရက်ကန်းအဖွဲ့များ မသိုးသင်္ကန်း ရက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။(အပေါ်ပုံ)

ထို့နောက် ညပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ တန်ဆောင်တိုင်ပွဲတော်အကြို မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ဆက်လက်ကျင်းပရာ အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက စိန်နားပန်နှင့် အရုပ်မီးပုံးအကြီးရှစ်လုံး၊ မီးပုံးပျံအသေးအလုံး ၅၀၀ တို့ကို လွှတ်တင်ပူဇော်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်စင်များမှ ရက်လုပ်ခဲ့သည့် မသိုးသင်္ကန်းများကို ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး မုခ်အသီးသီးရှိ ဘုရား ဆင်းတုတော်များအား ဆက်ကပ် လှူဒါန်းပေးကြောင်း သိရသည်။

**သတင်းစဉ်**

## သထုံမြို့ရှိ သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

သထုံ နိုဝင်ဘာ ၇



မွန်ပြည်နယ် သထုံမြို့ရှိသမိုင်းဝင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)၌ ကုသိုလ်ဒါနပြုသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ စေတီတော်မြတ်ကြီးမှာ ရန်ကုန် -မော်လမြိုင် အဝေးပြေးလမ်းမကြီးနံဘေး၌ တည်ရှိသဖြင့် အလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်ရာ အများပြည်သူ ပိတ်ရက်ကာလ ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ စက်စဲ အစရှိသည့် အောက်မြန်မာပြည် ဘုရားဖူးအပန်းဖြေခရီးထွက်သူများ ခရီးတစ်ထောက်နားဝင်ရောက် ဖူးမြော်လေ့ရှိပြီး မြို့၏ အထင်ကရစေတီလည်းဖြစ်သည့်အလျောက် ယခုကဲ့သို့ ဝါလကင်းလွတ် ကာလတွင် ဒေသခံအပေါင်းတို့က မိသားစုအလိုက် လာရောက်ဖူးမြော် ကုသိုလ်ပြုလေ့ ရှိသောကြောင့် အထူးစည်ကားပြီး ဘုရားဖူးပြည်သူများ အေးချမ်းသာယာစွာ ဖူးမြော်ကုသိုလ်ယူနိုင်ရေးအတွက် စီမံထားကြောင်း စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တန်ဆောင်မုန်း လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသည့် သာမညဖလ အခါတော်နေ့ဖြစ်သည့်အလျောက် ရွှေစာရံစေတီတော်အပါအဝင် သထုံမြို့နယ်အတွင်းရှိ ဘုရားကျောင်းကန်များ၌ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်း၊ စတုဒိသာများကျွေးမွေးခြင်းဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။ **နဒီ(ပြန်/ဆက်)**



ရန်ကုန်တိုင်း ဒေသကြီး သကေတမြို့နယ်ရှိပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ (ရန်ကုန်)တွင် (တန်ဆောင်မုန်းလပြည့်နေ့) အများပြည်သူအားလပ်ရက်နေ့၌ တိုင်းရင်းသားယဉ်ကျေးမှု အမွေအနှစ်လေ့လာသူများနှင့် အပန်းဖြေလာရောက် လည်ပတ်သူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်ကိုတွေ့ရစဉ်။ သတင်းစဉ်

❏ *ရှေ့ဖုံးမှ*

ထိုသို့ မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ယနေ့ညပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြပြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။ အလားတူ တန်ဆောင်တိုင် ပွဲတော်၊ မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အဦများ၊ ပန်းအလှ သစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ထားရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။ ထိုသို့ တန်ဆောင်တိုင်ပွဲတော် ဆင်နွှဲနေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

### ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

ထို့အတူ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများ၊ တန်ဆောင်တိုင် မီးထွန်းပွဲတော်များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ကြရာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအတွင်း ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်စဉ်။



ချောင်းသာကမ်းခြေ၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ပြည်သူများဖြင့် စည်ကားနေစဉ်။

အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ထွန်းညှိပူဇော်ဖူးမြော် ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

### လာရောက်အပန်းဖြေ

ထို့ပြင် နေပြည်တော် ရေပန်းဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့် တန်ဆောင်တိုင်ညဈေးရောင်းပွဲတော် အတွင်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် နိုင်ငံကျော် တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လာရောက်လည်ပတ် ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။ အလားတူ တန်ဆောင်တိုင် ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများနှင့် အထူးစည်ကားလျက်ရှိသည်။

### အမှတ်တရဓာတ်ပုံရိုက်

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌လည်း FIRE-WORK အမျိုးအစား မီးရှူးမီးပန်းများကို တန်ဆောင်တိုင်ကာလ အခါသမယအဖြစ် ပစ်ဖောက်ပူဇော်ခဲ့ရာ အများပြည်သူများ အနေဖြင့် စိတ်ဝင်တစားလာရောက် ကြည့်ရှုခဲ့ကြပြီး အမှတ်တရဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ခဲ့ကြကာ တန်ဆောင်မုန်း လပြည့်နေ့အခါသမယကို နိုင်ငံတစ်ဝန်းလုံးတွင် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ပွဲနှင့် ဆွမ်းအိုးမျှောပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါသမယနေ့) တွင် မွန်ပြည်နယ်အတွင်း အထင်ကရတန်ခိုးကြီး ဘုရား၊ စေတီများ၌ ဘုရားဖူးကုသိုလ်ယူကြသူများ၊ မြို့နယ်များ၌ ပျော်ပွဲရွှင်ပွဲများ၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကား သိုက်မြိုက်လျက်ရှိပြီး



ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ပွဲနှင့် ဆွမ်းအိုးမျှောပွဲကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ကမ်းနားလမ်း ဆိပ်ကမ်းသာတံတား၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများသည် ရှင်ဥပဂုတ္တမထေရ်မြတ် ရုပ်ပွားတော်ကို ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီးနှင့် ရေချမ်းတို့ ကပ်လှူပူဇော်ကြပြီး သံလွင်မြစ်ထဲသို့ ဆွမ်းအိုးများ မျှော၍ ပူဇော်ကုသိုလ်ယူကြသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ ကျိုက်တမော့လှဲစေတီတော်မြတ်၊ ရင်ပြင်တော်ပေါ်၌ ပြုလုပ်သည့် (၂၁) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြရာ မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်ထံမှ ကထိန်အနုမောဒနာတရား နာယူကြည်ညိုကြပြီး ဆရာတော် အရှင်သူမြတ်များထံ ကထိန်လျာမြတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ အခါသမယတွင် မွန်ပြည်နယ်အတွင်း တန်ခိုးကြီးဘုရား၊ စေတီများဖြစ်ကြသည့် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး၊ ကျိုက်သလ္လံစေတီတော်မြတ်၊ ကျိုက္ခမီရေလယ်ဆံတော်ရှင်မြတ် အစရှိသည့် ဘုရား၊ စေတီ၊ ပုထိုးများတွင် ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ကုသိုလ်ဘာဝနာတရားပွားများ နာယူလျက်ရှိကြပြီး မြို့ရွာအလိုက် ပျော်ပွဲ၊ ရွှင်ပွဲများ ကျင်းပခြင်း၊ ရောင်စုံအလှမီးများ ထွန်းညှိပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ဖောက်လွှတ်ခြင်းတို့ဖြင့် ပျော်ရွှင်စွာ ဆင်ယင်ကျင်းပလျက်ရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❖ *ကျော်ဖုံးမှ*

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဝင်းမြတ်နှင့် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း တို့က (၇၅) နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့်ပို့ဆောင်ရေး တပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က (၇၅) နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ဖွဲ့နေ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ် ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က (၇၅) နှစ် မြောက် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွင် တပ်မတော်နှင့်အတူ ဖွဲ့စည်းပေါ်ထွန်း လာခဲ့ပြီး သမိုင်းအစဉ်အလာကောင်းများစွာရှိသည့် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့၏ (၇၅)နှစ်မြောက် စိန်ရတုတပ်ဖွဲ့နေ့ အခမ်းအနားဖြစ်ကြောင်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ အနေဖြင့် ဖြတ်သန်းခဲ့ရသည့် ခေတ်အဆက်ဆက်တွင်လည်း အစဉ်အလာကောင်းများကို ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်ခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၅) နှစ်မြောက် စိန်ရတုတိုင်အောင် ရောက်ရှိခဲ့ပြီဖြစ်၍ ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ဖွဲ့အတွက် အလွန်ဂုဏ်ယူဖွယ်ရာ နေ့ထူးနေ့မြတ် တစ်ရက်ဖြစ်ကြောင်း။

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့သည် မြန်မာ နိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှုကာလ ဖက်ဆစ် ဆန့်ကျင်ရေးသမိုင်းတစ်လျှောက်တွင် ဗမာ့လွတ်လပ် ရေး တပ်မတော် (BIA) နှင့်အတူ ထက်ကြပ်မကွာ ကြီးပြင်းခဲ့သည့် တပ်ဖွဲ့တစ်ခုပင်ဖြစ်ကြောင်း၊ ၁၉၄၂ ခုနှစ်၊ ဇူလိုင် ၂၇ ရက်တွင် (BIA) ကို ဖျက်သိမ်း ခဲ့ပြီး ဗမာ့ကာကွယ်ရေး တပ်မတော် (BDA) ကို ဌာန ၈ ခုဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းဌာနများ တွင် **“ရိက္ခာထောက်ပံ့ရေးဌာန”** တစ်ခုလည်း ပါဝင်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၄၃ ခုနှစ်တွင် မော်တော် ယာဉ်တပ်ခွဲ တစ်ခွဲနှင့် ၁၉၄၄ ခုနှစ်တွင် အနောက် မြောက်တိုင်းထောက်ပံ့ရေးတပ်၊ အနောက်တိုင်း ထောက်ပံ့ရေးတပ်နှင့် ရန်ကုန်ထောက်ပံ့ရေးတပ် များကို ဆက်လက်ဖွဲ့စည်း ဖွင့်လှစ်ခဲ့ကြောင်း။

တပ်မတော်အတွက်လိုအပ်သည့် အုပ်ချုပ် ထောက်ပံ့မှု ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင် **“ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး”** ကို ရန်ကုန်မြို့တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့ကြောင်း၊ ထို့ကဲ့သို့ မြန်မာ့တပ်မတော်၏ အရေးကြီးသော တပ်ဖွဲ့တစ်ခု အဖြစ် စတင်ဖွဲ့စည်းခဲ့သည့် နိုဝင်ဘာ ၇ ရက်ကို **“ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့”** အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း၊ ထို့ကြောင့်လည်း ယနေ့ ဆိုလျှင် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့၏ ဖွဲ့စည်း တည်ထောင်မှုသည် နှစ်ပေါင်း (၇၅) နှစ် တင်းတင်း ပြည့်ပြီး မြန်မာ့တပ်မတော်နှင့် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့အတွက် ထူးခြားလေးနက်သည့် သမိုင်းမှတ်တိုင် နေ့တစ်နေ့ပင်ဖြစ်ကြောင်း။

### သမိုင်းမှတ်တမ်းများတွင် တွေ့ရှိကြရမည်

ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့သည် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရရှိပြီးသည့်နောက် ၁၉၄၉- ၁၉၅၀ ပြည့်နှစ် ရောင်စုံသောင်းကျန်းမှု ထူပြောနေ သည့်အချိန်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများ၊ ၁၉၅၃ ခုနှစ် တရုတ်ဖြူကျူးကျော်မှုများကို ချေမှုန်းခဲ့သည့် နဂါးနိုင်စစ်ဆင်ရေး၊ ၁၉၅၅ ခုနှစ် လွယ်လန်းဒေသ တွင် ပြုလုပ်ခဲ့သည့် ရန်ကြီးအောင်စစ်ဆင်ရေး၊ ၁၉၆၁ ခုနှစ် ကျိုင်းတုံ/ ကျိုင်းလတ်ဒေသတွင် ပြုလုပ်ခဲ့ သည့် မဲခေါင်စစ်ဆင်ရေး၊ ၁၉၆၉ ခုနှစ် ကုန်းကြမ်း ဒေသ စစ်ဆင်ရေးများအပါအဝင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ် ခဲ့ရသည့် စစ်ဆင်ရေးများတွင်လည်း တပ်ဖွဲ့ဝင်များ အနေဖြင့် စားနပ်ရိက္ခာပစ္စည်းများနှင့် ခဲယမ်း မီးကျောက် သယ်ယူပို့ဆောင်ရေး တာဝန်များ၊ လေကြောင်းမှ ရိက္ခာခဲယမ်းထောက်ပံ့ရေး တာဝန်

❍ **ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့အနေဖြင့် တပ်ဖွဲ့၏ လုပ်ငန်းတာဝန်ထမ်းဆောင် လျက်ရှိသည့် အရာရှိ၊ စစ်သည်များကို သက်ဆိုင်ရာပညာရပ် နယ်ပယ်များတွင် ကျွမ်းကျင်မှုရှိစေရန်အတွက် ထောက်ပံ့နှင့် ပို့ဆောင်ရေးသင်တန်းကျောင်း နှစ်ကျောင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်း၊ ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်များတွင် လိုအပ်သည့်သင်တန်းများကို ဖွင့်လှစ်လေ့ကျင့် သင်ကြားပေးလျက်ရှိ**

များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြမှုကို တပ်မတော် ၏ သမိုင်းမှတ်တမ်းများတွင် တွေ့ရှိကြရမည်ဖြစ် ကြောင်း။

ထို့အပြင် ၂၀၁၂ ခုနှစ် နောက်ပိုင်း ဖြစ်ပွားခဲ့သည့် လောက်ကိုင်ဒေသ၊ မုံးကိုးဒေသ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များရှိ နယ်မြေလုံခြုံရေးနှင့် နယ်မြေ စိုးမိုးရေး စစ်ဆင်ရေးများတွင် သောင်းကျန်းသူများ နှင့် ထိတွေ့တိုက်ပွဲဝင်ခဲ့ရသည့် ဖြစ်စဉ်များတွင် ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ဖွဲ့ဝင်များသည် အထက်ကပေးအပ်ခဲ့သည့် ရည်မှန်းချက် တာဝန် များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြကြောင်း၊ မိမိ၏ အသက်အန္တရာယ်ကို ပဓာနမထားဘဲ ယခုလိုတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသဖြင့် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ဝင်များထဲမှ တပ်သားသီဟသူရ တင်ညွန့်ကဲ့သို့ စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူး ရရှိခဲ့သူအပြင် သူရဲကောင်း မှတ်တမ်းဝင်တံဆိပ် ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များကိုလည်း ဂုဏ်ယူ ဖွယ်ရာ တွေ့ရှိကြရမည်ဖြစ်ကြောင်း။

### ပြင်ဆင်တိုးချဲ့ဖွဲ့စည်း

ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူး ရုံးကို ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ဖွဲ့စည်း ခဲ့စဉ်က ထောက်ပံ့ရေးတပ်ခွဲ တစ်ခွဲနှင့် တပ်စု သုံးစု၊ ပို့ဆောင်ရေးတပ်ခွဲ သုံးခွဲနှင့်သာ စတင်ဖွဲ့စည်းနိုင်ခဲ့ ခြင်းဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့များကို တိုးချဲ့ဖွဲ့စည်း လာမှုများအရ ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ဖွဲ့ ၏ လုပ်ငန်းတာဝန်များကို အင်ပြည့်အားပြည့် ထမ်းဆောင်နိုင်စေရေးအတွက် ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းမှုများကို ဆောင်ရွက်ခဲ့ကြောင်း။

ယင်းသို့ ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းမှုများကြောင့် လက်ရှိအချိန်တွင် ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်၊ ရှေ့တန်းအခြေချထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး တပ်ရင်း/တပ်ခွဲများ၊ မော်တော်ယာဉ်တပ်ရင်း၊ ဝန်တင် တပ်ရင်းများနှင့် သင်တန်းကျောင်းများအပြင် ထောက်ပံ့နှင့် ပို့ဆောင် ရေးစခန်းနှင့် ရိက္ခာဝေစခန်းများကိုလည်း တိုးချဲ့ ဖွင့်လှစ်ပြီး တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် ထိရောက်သည့် ထောက်ပံ့ပို့ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်နေနိုင်ပြီဖြစ်ကြောင်း၊ ထူးခြားမှုတစ်ခု အနေဖြင့် နိုင်ငံတော်အဆင့် အခမ်းအနားများနှင့် နှစ်စဉ်ကျင်းပလျက်ရှိသည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး ဂုဏ်ပြုမြင်းစီးတပ်ခွဲ တစ်ခွဲကိုလည်း ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့သည့်အတွက် (၇၂) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကစတင်၍ နှစ်စဉ်ပါဝင် ဆောင်ရွက်နိုင်ခဲ့ခြင်းကို တွေ့ရမည် ဖြစ်ကြောင်း။

### အလေးထားကြပ်မတ်ဆောင်ရွက်

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့အနေဖြင့် တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် **“ရိက္ခာ စက်သုံးဆီထောက်ပံ့ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဝန်တင် တိရစ္ဆာန်မွေးမြူဖြည့်တင်းရေးနှင့် ဆေးကုသ ရေး”** တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက် ရှိသည်ကို တွေ့ရှိရကြောင်း၊ **“ရိက္ခာ/ စက်သုံးဆီ ထောက်ပံ့ရေး”** အပိုင်းတွင်လည်း တပ်မတော်တစ်ရပ် လုံးအတွက် လိုအပ်သည့် ရိက္ခာ၊ စက်သုံးဆီနှင့် စက်ဆီ၊ ချောဆီများကို ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ဖွဲ့၏ **“ကောင်းမွန်ရမည်၊ ပြည့်ဝရမည်၊ အချိန်မီ ပို့ဆောင်ရမည်”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရိက္ခာ ပစ္စည်းများကို ကောင်းမွန်စွာ အပြည့်အဝဖြင့် အချိန်မီ ပြန်လည်ထုတ်ပေးနိုင်ရေး အလေးထား ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်အနေဖြင့် ရိက္ခာများ ထုတ်ပေးရာ တွင်လည်း ပြင်ပကသာ ဝယ်ယူဖြည့်တင်းထောက်ပံ့ သည့် စနစ်မှ ကိုယ်တိုင်ထုတ်လုပ် ဖြည့်တင်း ထောက်ပံ့သည့်စနစ်ကို ဦးတည်ဆောင်ရွက်ခဲ့ရာ ၁၉၉၁ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ကာလအတွင်း အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ စက်ရုံအချို့ကို လွှဲပြောင်းလက်ခံခဲ့ပြီး တပ်မတော်အတွက် လိုအပ် သည့် ရိက္ခာများကို ကိုယ်တိုင်ထုတ်လုပ်မှုဖြင့် စတင် ဆောင်ရွက်ခဲ့ကြောင်း။

*စာမျက်နှာ ၅ သို့*



(၇၅) နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့အခမ်းအနားကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြား ရေးမှူး ဗိုလ်ချုပ် ဝင်းမြတ်နှင့် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့်ပို့ဆောင်ရေး တပ်ဖွဲ့နေ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၄ မှ*

လက်ရှိအချိန်တွင် တပ်မတော် လက်ဖက်ခြောက် စက်ရုံ (နမ့်ဆန်) နှင့် (သံတောင်)၊ တပ်မတော် စည်သွတ် စက်ရုံ (သံတွဲ)၊ တပ်မတော် ပုစွန်ငါးပိ ငံပြာရည် ကြိတ်ခွဲစက်ရုံ (ရန်ကုန်)၊ တပ်မတော် ဘီစကွတ်နှင့် ခေါက်ဆွဲစက်ရုံ (မှော်ဘီ) နှင့် တပ်မတော်ဂျုံစက်ရုံ (ဩဘာ) တို့မှ တပ်မတော် အတွက်လိုအပ်သည့် ရိက္ခာအမယ်များကို ထုတ်လုပ် ပေးနေသည့်အပြင် တပ်မတော် ဘီစကွတ်နှင့် ခေါက်ဆွဲစက်ရုံ (မှော်ဘီ) တွင် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် စစ်သည် များ အသင့်လွယ်ကူစွာ စားသုံးနိုင်ရန် အသင့်စား ရိက္ခာ (Meal Ready to Eat Factory) စက်ရုံကို ၂၀၁၈ ခုနှစ်တွင် ထပ်မံတည်ဆောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အသင့်စားရိက္ခာထုပ် ခြောက်မျိုးကို ထုတ်လုပ်ပြီး လိုအပ်သည့် စစ်ဆင်ရေးနယ်မြေဒေသ အသီးသီးသို့ စတင်ဖြန့်ဖြူးပေးနိုင်ခဲ့သည်ကို တွေ့ရှိ ရကြောင်း။

### ဖြန့်ဖြူးရောင်းချပေးနိုင်

ထို့ပြင် ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်၊ အောက်တို ဘာလအထိ တပ်မတော် စက်ရုံများက ထုတ်လုပ် သည့် စားသောက်ကုန်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင်ရှိသည့် ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ရင်းများမှ တစ်ဆင့် တပ်မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်း များနှင့် ဒေသခံပြည်သူလူထုများသို့ သက်သာသည့် ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာတွင် တပ်မတော် စက်ရုံများက ထုတ်လုပ်သည့် လက်ဖက်ခြောက်၊ အချိုခြောက်၊ စည်သွတ်ဘူးမျိုးစုံ၊ ငါးပိ/ငံပြာရည် မျိုးစုံ၊ ဘီစကွတ်နှင့်ခေါက်ဆွဲမျိုးစုံ စုစုပေါင်းငွေကျပ် သန်း ၆၆၀၀ ဖိုးခန့်အထိ ဖြန့်ဖြူးရောင်းချပေးနိုင် ခဲ့သည်ကို တွေ့ရှိရကြောင်း။

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့၏ အဓိက လုပ်ငန်းတာဝန်တစ်ခုဖြစ်သည့် **“သယ်ယူပို့ဆောင် ရေး”** ရည်မှန်းချက်တာဝန်ကို ယခင်က စစ်ကျန် ခေတ်ယာဉ်များဖြစ်သည့် အင်္ဂလိပ်၊ အမေရိကန်ခေတ် မှ ယာဉ်များ၊ ဂျပန်နိုင်ငံထုတ် တီအီးမော်တော်ယာဉ် များဖြင့်သာ ပို့ဆောင်ပေးခဲ့ရာမှ မျက်မှောက်ခေတ် ကာလတွင် အီဆူဇူးဒီမတ်၊ တာတာ၊ စီနိုထရပ်၊ မစ်ထရပ်၊ ထရန်စပိုတာဟိုက်ဘတ်စသည့် ခေတ်မီ ယာဉ်များကို အသုံးပြုပြီး တပ်မတော်တစ်ရပ်လုံး၏ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းများ၊ စစ်ဆင်ရေး နှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် တပ်ဖွဲ့ များအတွက် သယ်ယူ ပို့ဆောင်ရေးတာဝန်များနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးသို့ ရိက္ခာပစ္စည်းစုပုံရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်ပြည့် အားပြည့် ပို့ဆောင်ပေးနေခြင်းကို တွေ့ရှိရမည်ဖြစ် ကြောင်း၊ ထို့အပြင် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ အနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်က ကြီးမှူး ကျင်းပသည့် အခမ်းအနားများတွင် သယ်ယူပို့ဆောင် ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင် ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

### အဓိကအားထားပြီး ပို့ဆောင်နေရ

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့၏ အဓိက လုပ်ငန်းများထဲတွင် **“ဝန်တင် တိရစ္ဆာန်မွေးမြူ ဖြည့်တင်းရေးနှင့် ဆေးကုသရေး”** သည်လည်း အဓိက ကျသည့် လုပ်ငန်းတာဝန်တစ်ရပ်အနေဖြင့် ပါဝင် နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေ တောတောင် သဘာဝအနေအထားအရ မော်တော် ယာဉ်၊ လေကြောင်းနှင့် ရေကြောင်းမှ ပို့ဆောင် နိုင်မှု မရှိသေးသည့် အချို့သောစစ်ဆင်ရေးနယ်မြေ ဒေသများကို စားနပ်ရိက္ခာ၊ ခဲယမ်းနှင့် အခြားလိုအပ် သည့် ပစ္စည်းများကို ပို့ဆောင်ရာတွင် ဝန်တင်တိရစ္ဆာန် များကို အဓိကအားထားပြီး ပို့ဆောင်နေရဆဲဖြစ် ကြောင်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ကို စတင် ဖွဲ့စည်းခဲ့သည့် ၁၉၄၇ ခုနှစ်တွင် ဝန်တင်ပို့ဆောင်မှု အတွက် ဝန်တင်လား အကောင် ၃၀ နှင့်သာ စတင် ဖွဲ့စည်းဆောင်ရွက်နိုင်သော်လည်း လက်ရှိတွင် ဝန်တင်တပ်ရင်း ငါးရင်းအထိ တိုးချဲ့ဖွင့်လှစ်ပြီး တိုင်းစစ်ဌာနချုပ်များ၏ လိုအပ်သည့် နေရာဒေသ များအထိ ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်နေပြီ ဖြစ်ကြောင်း။

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့အနေဖြင့် တပ်ဖွဲ့၏ လုပ်ငန်းတာဝန် ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များကို သက်ဆိုင်ရာပညာရပ် နယ်ပယ်များတွင် ကျွမ်းကျင်မှုရှိစေရန်အတွက် ထောက်ပံ့နှင့် ပို့ဆောင်ရေး သင်တန်းကျောင်း နှစ်ကျောင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေး တပ်ရင်း၊ ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်များ တွင် လိုအပ်သည့်သင်တန်းများကို ဖွင့်လှစ်လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း။

### ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ခဲ့

ဖြတ်သန်းခဲ့ရသည့် ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ဖွဲ့၏ သမိုင်းတစ်လျှောက် အဓိကကျသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့မှု အနေဖြင့် ၂၀၀၈ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်း ကူညီကယ်ဆယ် ရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများအတွက် လိုအပ် သည့် စားနပ်ရိက္ခာနှင့် အထောက်အကူပြုပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် တပ်ဖွဲ့ရှိ အရာရှိ/ စစ်သည်များကို ထုတ်နုတ်၍ ယာဉ်စီးရေ ၈၀၀ ကျော် နှင့် ပါဝင်ကူညီ ဆောင်ရွက်ခဲ့မှု၊ ၂၀၁၅ ခုနှစ်မှ၂၀၁၉ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၈ ခုတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့သည့် ရေကြီး/ ရေလျှံမှုဖြစ်စဉ်များ၊ ၂၀၁၅ ခုနှစ် တာလေဒေသတွင် ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူ များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမှု၊ ကူညီ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင် ပေးမှု၊ ထိခိုက်ဒဏ်ရာရရှိသူများကို သက်ဆိုင်ရာ ဆေးရုံ/ဆေးခန်းများသို့ ပို့ဆောင်ပေးမှုများကို တပ်ဖွဲ့ ရှိ အရာရှိ/စစ်သည်များက ယာဉ်စီးရေ ၇၀၀ ကျော် ဖြင့် ပါဝင်ကူညီ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း။

### ဂုဏ်ယူဖွယ်ရာတွေ့ရှိရမည်

ထို့အပြင် တစ်ကမ္ဘာလုံး ကပ်ရောဂါအသွင် ကြုံတွေ့ခဲ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ မြန်မာပြည် တွင် ဖြစ်ပွားမှုမြင့်တက်ခဲ့သည့် ကာလအတွင်းတွင် လည်း ဆေးရုံသုံးပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ ပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများကို တိုင်းဒေသ ကြီးများနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ် စီးရေ ၅၀၀ ကျော်ဖြင့် အချိန်မီပို့ဆောင်ပေးနိုင်ခဲ့ သည့်အပြင် ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ ပြန်လည် ဝင်ရောက်လာခဲ့ကြသည့် နေရပ်ပြန်ပြည်သူများကို လည်း သက်ဆိုင်ရာနေရပ်ဒေသ အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများတွင် တက် ရောက်ကုသခဲ့ကြရသည့် လူနာများကို တပ်ဖွဲ့ရှိ အရာရှိ/စစ်သည်များ ထုတ်နုတ်ပြီး ချက်ပြုတ် ကျွေးမွေးရေးတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အတွက် ဒေသခံပြည်သူလူထုများ ဘေးဒုက္ခအန္တရာယ်၊ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အချိန်များတွင်လည်း ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍ မှ ထိထိရောက်ရောက် ပါဝင်ကူညီဆောင်ရွက်ပေးနိုင် ခဲ့ခြင်းများကိုလည်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိရမည် ဖြစ်ကြောင်း။

### မှတ်တမ်းတင်ဂုဏ်ယူ

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့၏ ဖြတ်သန်း ခဲ့ရသည့် (၇၅) နှစ်တာ စိန်ရတုကာလအတွင်းတွင် နိုင်ငံတော်အတွက် ထူးကဲစွာ အကျိုးဆောင်ခဲ့ကြ သူများကို ချီးမြှင့်သည့် စည်သူဘွဲ့၊ ဇာနည်ဘွဲ့၊ ဇေယျ ကျော်ထင်ဘွဲ့များကို ၁၃ ဦးတိတိ ချီးမြှင့်ခြင်းခံခဲ့ရ သလို တပ်မတော်တွင် သူရသတ္တိပြောင်မြောက်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အရာရှိ၊ စစ်သည် များအတွက် သီဟသူရဘွဲ့ ၁ ဦး၊ သူရဘွဲ့ ၃ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ၉ ဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ၂၀၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူး ဆောင် လက်မှတ် ၂၀ ကို အသီးသီးဂုဏ်ပြုချီးမြှင့် ခံခဲ့ရပြီး စစ်စည်းကမ်းကောင်းမွန်စွာနှင့် ပေးအပ် သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင် ခဲ့မှုကြောင့်လည်း တပ်မတော်၏ ရွှေရတုတံဆိပ် ရရှိခဲ့သူ ၁၁၆၇ ဦးနှင့် စိန်ရတုတံဆိပ်ရရှိခဲ့သူ ၂၆၈၃ ဦး ရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် စီမံထူးချွန်တံဆိပ်၊ လူမှုထူးချွန်တံဆိပ်နှင့် ပြည်သူ့ သားကောင်းတံဆိပ်ရရှိသူများအပါအဝင် စုစုပေါင်း အရာရှိ၊ စစ်သည် ၃၉၃၂ ဦးအထိ ဂုဏ်ပြုချီးမြှင့် ခြင်းခံခဲ့ရသည်ကို တွေ့ရှိရသည့်အတွက် ၎င်းအရာရှိ၊ စစ်သည်များ၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှု များအတွက်လည်း မှတ်တမ်းတင်ဂုဏ်ယူပါကြောင်း။

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့အနေဖြင့် လွတ်လပ်ရေး ကြိုးပမ်းမှုကာလကပင် တပ်မတော် နှင့်အတူ ပေါက်ဖွားလာခဲ့သည့် တပ်ဖွဲ့တစ်ခုဖြစ်သည် နှင့်အညီ ခေတ်အဆက်ဆက်တွင်လည်း တိုင်းပြည် နှင့် လူမျိုး၏အကျိုး၊ တပ်မတော်၏ အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သလို တပ်ဖွဲ့၏ အဓိက ရည်မှန်းချက်တာဝန်များနှင့် အထက်က ပေးအပ် လာသည့် တာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းရွက်နိုင်ခဲ့ကြသည်ကို ကြိမ်ဖန်များစွာ သက်သေ ပြခဲ့ပြီးဖြစ်ကြောင်း၊ နောင်လာမည့် အနာဂတ်တွင် လည်း နိုင်ငံတော်နှင့် တပ်မတော်၏ ရည်မှန်းချက် တာဝန်များကို တပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည် အဆင့် အတန်းအားလုံးက ဆက်လက် အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြ ပါစေကြောင်းနှင့် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့၏ စိန်ရတုနေ့ အထိမ်းအမှတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် အစွန့်ရှည် တည်တံ့ပါစေရန် ဆုမွန်ကောင်းပို့သပါကြောင်း ပြောကြားသည်။

### ဖျော်ဖြေတင်ဆက်

ယင်းနောက် ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဝင်းမြတ် က ထောက်ပံ့ နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅) နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်း Documentary Video ကို ပြသသည်။ ထို့နောက် (၇၅) နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြင့် ထောက်ပံ့ နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက် သည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ထံ ထောက်ပံ့ နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့်ပို့ဆောင်ရေး တပ်ဖွဲ့နေ့အထိမ်း အမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က တက်ရောက် လာကြသည့် အငြိမ်းစား ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး တက်ရောက်လာကြ သူများနှင့်အတူ (၇၅) နှစ်မြောက် စိန်ရတုထောက်ပံ့ နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်း အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

**နှစ်စဉ်ကျင်းပမြဲဖြစ်ပြီး ကရင်တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်ဖြစ်သော (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ချီးမြှင့်ကြသည်။**



(၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးနှင့် ပြခန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ စောဒန်နီရယ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်၊ စောဒန်နီရယ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်း၏၊ ဒေါက်တာ သက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးနှင့် အစိုးရအဖွဲ့ဝင်များ၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်/ကရင် အမျိုးသားအစည်းအရုံး (ငြိမ်းချမ်းရေးကောင်စီ) KNU/ KNLA(PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ် (BGF) တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

### အလေးပြု

ဦးစွာ သဘာပတိ အဖွဲ့ဝင်များနေရာယူအပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့ကို အလေးပြုကြသည်။

### အမှာစကားပြောကြား

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် က 90 W ဆိုလာ အစုံ ၁၀၀၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏က Outdoor Fitness ၁၀ စုံ၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားပစ္စည်းများကို ကရင်ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးနှင့်ပြခန်းများ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ စောဒန်နီရယ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦး၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဒူးပလာယာခရိုင် ဥက္ကဋ္ဌ ပဒိုရွှေမောင်း၊ ကရင်အမျိုးသား အစည်းအရုံး (KNU) ဘားအံခရိုင် ဥက္ကဋ္ဌ ပဒိုအောင်မော်ဇေ၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်/ကရင်အမျိုးသား အစည်းအရုံး ငြိမ်းချမ်းရေးကောင်စီ KNU/ KNLA(PC)ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် (ငြိမ်း) ဦးဇော်မင်းနှင့် မြို့မိမြို့ဖ ဦးစောအောင်ပွင့် တို့က (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးနှင့် ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်က (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

### ချိုးဖြူငှက်၆၇ကောင်ကိုလွှတ်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် တက်ရောက်လာသူများက (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အနေဖြင့် ကရင်ပြည်နယ်ကြီး ငြိမ်းချမ်းသာယာ စည်ပင်ဝပြောပါစေကြောင်း သုံးကြိမ် ရွတ်ဆိုကြွေးကြော် (ဆုတောင်း) ၍ ငြိမ်းချမ်းရေး ချိုးဖြူငှက် ၆၇ ကောင်ကို လွှတ်ပေးကြသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းရင်းသား လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် အခမ်းအနားသို့ တက်ရောက်လာသော တိုင်းရင်းသားပြည်သူများက ဒေသဖွံ့ဖြိုးရေးဌာနဆိုင်ရာ ပြခန်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများ၊ ဒေသထွက်ကုန် အရောင်းပြခန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ စောဒန်နီရယ်နှင့် အဖွဲ့ဝင်များ အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။

### အခွင့်အလမ်းတစ်ခုဖြစ်

ဆက်လက်၍ (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်း၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုကဲ့သို့ ပြပွဲပြိုင်ပွဲများ ပြုလုပ်ပေးခြင်းသည် ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၏ ပြယုဂ်တစ်ခုဖြစ်သကဲ့သို့ ဒေသခံတောင်သူများအတွက် အခွင့်အလမ်းတစ်ခု ဖြစ်ပါကြောင်း၊ သီးနှံအမျိုးအစားအလိုက် အုပ်စု (၄) စု ခွဲခြားထားပြီး သီးနှံအမျိုးအစားပေါင်း ၄၀ ခန့် လာရောက်ယှဉ်ပြိုင်ကြကြောင်း၊ တန်ဖိုးမြှင့်သီးနှံများ ဈေးကွက်အလားအလာရှိသည့် သီးနှံများကို ထုတ်လုပ်နိုင်မှသာ ဒေသတွင်းဝမ်းစာ ဖူလုံပြီး ပိုလျှံသည်များကို ရောင်းချခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဂုဏ်ပြုဆုများပေးအပ်

ထို့နောက် ဆုများကို ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ စောဒန်နီရယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်း၏၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦး တို့က ငှက်ပျော၊ သင်္ဘော၊ ပိန္နဲ၊ ကျွဲကော၊ မာလကာ၊ ပီလောပီနံ၊ ရွှေဖရုံ၊ နာနတ်၊ ပဲလင်းမြွေ၊ အုန်း သီးနှံပထမဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၃၁၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးသို့ တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၇**

မလေးရှားနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် The Hon. Tun Tengku Maimun binti Tuan Mat ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မလေးရှားနိုင်ငံ တရားရုံးချုပ်က ကြီးမှူး၍ နိုဝင်ဘာ ၄ ရက် မှ ၅ ရက် အထိ ကျင်းပခဲ့သည့် "(၁၀) ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များ ကောင်စီ အစည်းအဝေး (10th Council of ASEAN Chief Justices' Meeting – CACJ)" သို့ တက်ရောက်ခဲ့သည်။

အဆိုပါ (၁၀) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အတူ အာဆီယံတရားသူကြီးချုပ်များကောင်စီ (CACJ) အဖွဲ့ဝင်များဖြစ်သည့် အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

"(၁၀) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီ အစည်းအဝေး" တွင် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ကောင်စီအလှည့်ကျ ဥက္ကဋ္ဌ မလေးရှားနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် The Hon. Tun Tengku Maimun binti Tuan Mat နှင့်တကွ ကျန်အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့်အတူ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

**ပါဝင်ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်သည် အစည်းအဝေးတွင် CACJ လုပ်ငန်းအဖွဲ့များဖြစ်သည့် အာဆီယံတရားရေး သတင်းအချက်အလက်ပေါ်တယ် (ASEAN Judiciaries Portal –AJP)၊ အာဆီယံဒေသတွင်း တရားမမှုခင်း ဆင့်စာဆင့်ဆိုမှုလွယ်ကူစေရေး (Facilitating Service of Civil Processes within ASEAN)၊ မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းများနှင့် တရားရုံးဆိုင်ရာ နည်းပညာအသုံးပြုမှု (Case Management and Court Technology)၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ခြင်းနှင့် သင်ကြားပေးခြင်း (Judicial Education and Training)၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာ ကလေးသူငယ် အငြင်းပွားမှုများဖြေရှင်းရေး (Cross–Border Disputes Involving Children)၊ အာဆီယံနှင့် အခြားသော မိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုပြုခြင်း (ASEAN+Meetings) စသည့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက တင်သွင်းလာသည့် အစီရင်ခံစာများနှင့် CACJ နှင့် ဆက်စပ်လျက်ရှိသည့် ကိစ္စရပ်များအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးခဲ့သည်။

**လက်မှတ်ရေးထိုးအတည်ပြု**

ယင်းနောက် အခြားသော အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့်အတူ (၁၀) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး ကြေညာချက်ဖြစ်သည့် ကွာလာလမ်ပူကြေညာချက် (Kuala Lumpur Declaration) ကို လက်မှတ်ရေးထိုးအတည်ပြု ထုတ်ပြန်ခဲ့သည်။

**၂၀၂၃ ခုနှစ်တွင် ကျင်းပရန် သဘောတူညီ**

ထို့ပြင် အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ ၁၀ နှစ်တာ လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရန်အတွက် ပြန်လည်သုံးသပ်သည့် အစည်းအဝေး (CACJ Retreat) ကို ၂၀၂၃ ခုနှစ်တွင် ကျင်းပရန် သဘောတူညီခဲ့ကြသည်။

အစည်းအဝေး ဒုတိယနေ့တွင် အာဆီယံနှင့် အခြားသော မိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှု ပထမကြိမ်အစည်းအဝေး (Inaugural ASEAN+Meetings) ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ တက်ရောက်ကြကာ ကိုရီးယားသမ္မတနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်၊ ဂျပန်နိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရားရုံးချုပ်တရားသူကြီးချုပ်တို့က အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**မြန်မာတရားစီရင်ရေးအတွေ့အကြုံများကို ပါဝင်ဆွေးနွေး**

ယင်းအစည်းအဝေးတွင် တရားရုံး နည်းပညာအသုံးပြုခြင်းနှင့် တရားမျှတမှု လက်လှမ်းမီရေး စိန်ခေါ်မှုများနှင့် အဓိက အောင်မြင်မှုအချက်များ( Court Technology and Access to Justice: Challenges and Key Success Factors) နှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားသူကြီးချုပ်က မြန်မာတရားစီရင်ရေးအတွေ့အကြုံများကို ပါဝင်ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်နှင့် CACJ ၏ လုပ်ငန်းအဖွဲ့များအတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# လားရှိုးမြို့၌ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ဖွင့်ပွဲကို ယမန်နေ့ ညနေပိုင်းက လားရှိုးမြို့ရှိ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦး စေတီတော် ပရိဝုဏ်အတွင်းရှိ မီးပုံးပျံကွင်း၌ ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ (ရှမ်း၊ ကချင်၊ ဝ၊ ကိုးကန့်၊ လားဟူ၊ လီဆူ၊ မြောင်ဇီး၊ မုံဝန်း၊ ဗမာ) စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများက စိန်နားပန် မီးပုံးပျံများ၊ ဆင်ရုပ်၊ ခိုဖြူရုပ် အစရှိသည့် တိရစ္ဆာန်အရုပ်မီးပုံးပျံများ၊ ရိုးရာအလှမီးပုံးပျံများကို တပျော်တပါး လွှတ်တင်ခြင်း၊ ရောင်စုံမီးရှူးမီးပန်းများ ပစ်ဖောက်လွှတ်တင်ခြင်း၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက လူမျိုးစုလိုက် ရိုးရာအကအလှများဖြင့် စုပေါင်းကပြခြင်းများကို ကြည့်ရှုအားပေးကြသည်။



အဆိုပါ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သည် လားရှိုးမြို့၏ (၄) ကြိမ်မြောက် တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖြစ်ပြီး နိုဝင်ဘာ ၆ ရက်မှ ယနေ့အထိ မီးပုံးပျံများလွှတ်တင်ခြင်း၊ ရောင်စုံမီးရှူးမီးပန်းများ ပစ်ဖောက်လွှတ်တင်ခြင်း၊ တိုင်းရင်းသားရိုးရာ အကများဖြင့် စုပေါင်းကပြခြင်း၊ နိုင်ငံကျော် အဆိုတော်များက တေးဂီတ ဖျော်ဖြေခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာအနီး ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသို့ တန်ဆောင်မုန်းလပြည့်နေ့တွင် အပန်းဖြေလာရောက်သူများနှင့် ဆင်များအားလေ့လာလိုသူ ခရီးသွားပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။ ကိုကြေးမုံ

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော် စည်ကားစွာ ကျင်းပနေမှုကို တွေ့ရစဉ်။

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်း မိသားစုများ၏ တန်ဆောင်တိုင် ပွဲတော်ကို ယနေ့ ညနေပိုင်းတွင် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

### ပျော်ရွှင်စွာဆင်နွှဲ

အဆိုပါ ပွဲတော်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်၍ ပျော်ရွှင်စွာဆင်နွှဲကြသည်။

ပွဲတော် မစတင်မီ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ မဟာဗောဓိ ဗြိဟ်ရှစ်ခွင်ဘုရား ဆီမီးတစ်ထောင် ပူဇော်ပွဲသို့ တက်ရောက်ပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်းနှင့် အဖွဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ တေးသီချင်းများ သီဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က MRTV ပန်းခြံ၌ ကျင်းပသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မိသားစု တန်ဆောင်တိုင်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ထမ်းမိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က မြတ်စွာဘုရားရှင်နှင့် တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိစေတီတော်အား ရည်မှန်း၍ ဆီမီးနံ့သာများဖြင့် စုစည်းပူဇော်ရန် မီးထွန်းညှိပေးကြပြီး MRTV ရုံးချုပ်နှင့် ဌာနခွဲများ၊ Channel များအလိုက် မီးပုံးပျံ ၁၁ လုံး လွှင့်တင်မှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တန်ဆောင်တိုင်ပွဲတော်အလှူ ဝန်ထမ်းမိသားစုများအား ကံစမ်းမဲ ဖောက်ပေးပြီး မဲပေါက်သည့် ပစ္စည်းများအား လှူဒါန်းဝေငှခြင်း၊ တန်ဆောင်တိုင်ရိုးရာ မဲဇလီဖူးသုပ်နှင့် ကြာဆံဟင်းခါး စတုဒိသာကျွေးမွေးခြင်းနှင့် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ခြင်း၊ မီးပုံးပျံ ၆၃ လုံးလွှတ်တင်ခြင်းနှင့် နိဗ္ဗာန်ဈေးပွဲတော်တွင် တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးသည်။

### တက်ရောက်ကြည့်ရှု

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ တေးဂီတဖျော်ဖြေပွဲ၊ ဝန်ထမ်းများနှင့် မိသားစုများ၏ သီချင်းဆိုပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကာ ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# စံနမူနာပြ ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ရန်လိုအပ်

**လှိုင်ကော် နိုဝင်ဘာ ၇**

နိုင်ငံတော်နှင့် လူမျိုးဂုဏ်သိက္ခာတို့ကို လေးစားတန်ဖိုးထားပြီး စံနမူနာပြ ဝန်ထမ်းကောင်းများ ဖြစ်အောင်ကြိုးစား ဆောင်ရွက်ရန် တာဝန်ရှိသူများအား ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က တိုက်တွန်းပြောကြားသည်။

### အမှာစကားပြောကြား

ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားရာတွင် ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

### ဝိုင်းဝန်းကြိုးစားဆောင်ရွက်

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူက ယုံကြည်အားထားသည့် အုပ်ချုပ်ရေးယန္တရားကောင်းဖြစ်စေရန် တာဝန်ရှိသူအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရဲဗလတံဆိပ် ချီးမြှင့်ခြင်းခံရသည့် လောဝမ္မရပ်ကွက်အုပ်ချုပ်ရေးမှူးဟောင်း ဦးတင်ထွန်း၊ ဖရူဆိုမြို့နယ်အုပ်ချုပ်ရေးမှူး (ငြိမ်း) ဦးအောင်မြင့်ထွန်းနှင့် စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၁) ဒေါ်ချောစုမာတို့ကို ဂုဏ်ပြုတံဆိပ်များနှင့် ဂုဏ်ပြုစာလွှာများကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်တွင်) ဖွင့်လှစ်ခဲ့သည့် အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်းအမှတ်စဉ် (၃) တွင် သင်တန်းသူစံပြဆု၊ သေနတ်ပစ်ထူးချွန်ဆုများ ရရှိခဲ့သည့် စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၁) ဒေါ်ဟန်ငြိမ်းစုကို ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်က ဝန်ထမ်းများအား နှစ်ပတ်လည်နေ့အထိမ်းအမှတ် လက်ဆောင်များပေးအပ်ပြီး ဌာနနှစ်ပတ်လည်နေ့အတွက် ဂုဏ်ပြုကျေးဇူး တင်စကားပြောကြားသည်။

### ပရိတ်တရားတော် နာယူ

ထို့ပြင် (၁၄၄) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ပရိတ်တရားတော်များ နာယူကြည်ညိုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၇**
လာအိုနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (19th ASEAN Air Chiefs Conference – 19th AACC) သို့ တက်ရောက်ရန်အတွက် လာအိုနိုင်ငံ လွှန်ပရာဘန်မြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် လာအိုလေတပ်ဦးစီးချုပ် Brigadier General Khamlek Sengphachanh၊ ဘရူနိုင်း လေတပ်ဦးစီးချုပ် Brigadier General (U) Dato Seri Pahlawan Mohd Sharif Bin Dato Paduka Haji Ibrahim နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံလေတပ်များအကြား လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ သဘာဝဘေး အန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက် လုပ်ငန်းများ ကာကွယ်တားဆီးရေးတို့အတွက် နှစ်နိုင်ငံလေတပ်များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။



**ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်ထံသို့ လာအိုလေတပ်ဦးစီးချုပ်က ASEAN Air Chief Conference ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှု လွှဲပြောင်းပေးအပ်စဉ်။**

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် လွှန်ပရာဘန်မြို့တော်ရှိ Luang Prabang View ဟိုတယ်၌ ကျင်းပပြုလုပ်သော (၁၉) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (19th ASEAN Air Chiefs Conference – 19th AACC) သို့ တက်ရောက်ကြသည်။ ဦးစွာ အာဆီယံ လေတပ်ဦးစီးချုပ်များက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး "Together for Peace and Stability of ASEAN " အား အသီးသီး ဆွေးနွေးကြသည်။ ထို့နောက် အစည်းအဝေး သဘောတူဆုံးဖြတ်ချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။


**အာဆီယံ လေတပ်ဦးစီးချုပ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

ဆက်လက်၍ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (20th ASEAN Air Chiefs Conference – 20th AACC) အာဆီယံလေတပ် ဦးစီးချုပ်များ အစည်းအဝေးအတွက် ကာကွယ်ရေးဦးစီးချုပ် (လေ) ထံသို့ လာအိုလေတပ်ဦးစီးချုပ်က ASEAN Air Chief Conference ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မှု လွှဲပြောင်း ပေးအပ်ခြင်းကို ဆောင်ရွက်ခဲ့သည်။

ယင်းနောက် လာအိုနိုင်ငံ ကာကွယ်ရေး ဝန်ကြီးအား အာဆီယံလေတပ်ဦးစီးချုပ်များနှင့်အတူ သွားရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။ ဒေသ စံတော်ချိန် ညနေ ၆ နာရီခွဲတွင် လာအိုနိုင်ငံ လေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံလေတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တန်ဆောင်မုန်းလပြည့်အဖိတ်နေ့တွင် ရဋ္ဌနန္ဒက ဆင်ဖြူတော်လေး အပါအဝင် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များအား အစာလာရောက်ကျွေးမွေးကြသူများဖြင့် စည်ကားများပြား

**နေပြည်တော် နိုဝင်ဘာ ၇**
မြန်မာ့ယဉ်ကျေးမှု ဓလေ့နှင့် မြန်မာတို့၏ စိတ်ရင်းကိုဖော်ညွှန်းပြသနေသည့် မြန်မာ့ဆယ့်နှစ်လရာသီ ပွဲတော်များအနက် တန်ဆောင်းမုန်း ပွဲတော်သည် မြန်မာတို့၏ အလှူသဒ္ဓါတရား ထက်သန်မှု၊ ဘာသာတရား ကိုင်းရှိုင်းမှုတို့ကို အထင်အရှား မြင်တွေ့ရသည့် ပွဲတော်တစ်ခုဖြစ်သည်။

ထိုသို့ အနှစ်သာရပြည့်ဝစွာ ဆင်ယင်ကျင်းပသော ရာသီပွဲတော်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား စေတီပုထိုးများတွင် ကုသိုလ်ပြုကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည့် အပြင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဆင်ဖြူတော်ဆောင်တွင် အောက်တိုဘာ ၃၀ ရက်က ဘွဲ့နာမံတော် အမည်ပေး ကင်ပွန်းတပ်နှင့် အဆောင်တော်တက် မင်္ဂလာပြုလုပ်ထားသည့် ရဋ္ဌနန္ဒက (ရဋ္ဌ=တိုင်းပြည်၊ နိုင်ငံ။ နန္ဒက=ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) (မြန်မာ အဓိပ္ပာယ် အပြည့်အစုံမှာ-တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ဆင်ဖြူတော်လေး အပါအဝင် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များအား သဒ္ဓါကြည်ဖြူစွာဖြင့် အစာလာရောက် ကျွေးမွေးကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။(**အပေါ်ပုံ**)




**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ကျပ် ၄၃၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၇**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက် နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၈ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၃၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း နှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည် နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ကုတ်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ စည်ကားများပြား

**တောင်ကုတ် နိုဝင်ဘာ ၇**
တောင်ကုတ်မြို့၌ တန်ဆောင်မုန်းလပြည့်နေ့၌ တန်ခိုးကြီးဘုရားများတွင် ဘုရားဖူးပြည်သူများ၊ ရပ်ကွက်အလိုက် စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိသည်။

တောင်ကုတ်မြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် မြို့မကျက်သရေဆောင် ဖောင်တော်ဦးစေတီတော်၊ အာလိန်ငါးဆင့်ဘုရားနှင့် စေတျာရာမကျောင်းတိုက်အတွင်းရှိ မဟာဗောဓိစေတီတော်တို့တွင် ဆီမီးပူဇော်သူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားပြီး ရပ်ကွက်များ၌လည်း ရောင်စုံမီးများ ထွန်းညှိထားသည်။ **မြို့နယ်(ပြန်/ဆက်)**



# ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားများတွင် တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့) အခမ်းအနားများ ကျင်းပလျက်ရှိရာ ဘုရားဖူးလာပြည်သူများ စည်ကားစွာ လာရောက်ဖူးမြော်ကြည်ညို

ရန်ကုန် နိုဝင်ဘာ ၇

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)ဖြစ်သည်။ သာမညဖလသုတ္တန် ဒေသနာတော် (ရဟန်းပြုခြင်းအကျိုး)ကို ဗုဒ္ဓဘုရားရှင်က တန်ဆောင်မုန်းလပြည့် ညမြတ်တွင် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းအား အကြောင်းပြု၍ ဟောတော်မူခဲ့ခြင်းကို သာသနာ့မှတ်တိုင် စိုက်ထူသောအားဖြင့် တန်ဆောင်မုန်း လပြည့်နေ့ကို သာမညဖအခါတော်နေ့ အဖြစ်သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်သည်။ တန်ဆောင်မုန်း လပြည့်နေ့ကို ရှေးအခါက ကြယ်တာရာနက္ခတ်ပေါင်းစုံ ကွန့်မြူးသဖြင့် နက္ခတ်သဘင်အခါကာလဟု သတ်မှတ်ကာ နက္ခတ်တာရာများအား ဆီမီးရောင်စုံဖြင့် ထွန်းညှိပသပူဇော်သော မီးထွန်းပွဲတော်ကို ကျင်းပခဲ့ခြင်းလည်း ဖြစ်သည်။ သို့ရာတွင် ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားသော မိမိတို့ မြန်မာနိုင်ငံသည် ဆီမီးထွန်းခြင်းကို ဘုရားရှင်အားပူဇော်ခြင်းအဖြစ် ပြောင်းလဲကျင်းပခဲ့ကြသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့ (သာမညဖလ အခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက်တွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ရင်ပြင် ညှော့်ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကြသည်။

## ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကရုံး ဝန်ထမ်းများက ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်မည့် ကထိန်ရွှေကြာသင်္ကန်းများ ကိုင်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည်ပူဇော်ပြီး အာရုံခံတန်ဆောင်း မုခ်လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားများနှင့် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်တို့အား ကထိန်ရွှေကြာ သင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ သာမညဖလအခါတော်နေ့ဆိုင်ရာ တရားတော်များနာကြားခြင်းနှင့် ရေစက်ချ အခမ်းအနားကို ရင်ပြင်တော်ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသထံမှ ဩွဲ့ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကဓရ-တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ဩဝါဒါစရိယ တိပိဋကဓရ-ဓမ္မ ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်) ထံမှ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက်ဩဝါဒါစရိယဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ညပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးများ ထွန်းညှိပူဇော်ထားမှုကို ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့သည်။



တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်၌ ဘုရားဖူးကုသိုလ်ပြုသူများဖြင့် စည်ကားနေစဉ်။

## ဗိုလ်တထောင်စေတီတော်

ထို့အတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၏ (၃၈) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သင်္ဂါယနာသာသနာ့ သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ စေတီတော်များတွင် ကျင်းပသည်။

အလားတူ မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်၊ ကိုးထပ်ကြီးဘုရား၊ သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော် နှင့် ဆုတောင်းပြည့် မယ်လမုစေတီတော်တို့တွင်လည်း ဂေါပကအဖွဲ့ဝင်များက ကြီးမှူး၍ ယနေ့ နံနက်ပိုင်းက စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက တန်ဆောင်မုန်း လပြည့်နေ့ (သာမညဖလ အခါတော်နေ့) အခမ်းအနားများကို ကျင်းပ၍ သာမညဖလသုတ္တန် ဒေသနာတော်များကို ရွတ်ဖတ်ကာ မေတ္တာပို့ဆုတောင်းကြသည်။

တန်ဆောင်မုန်း လပြည့် (သာမညဖလအခါတော်နေ့)တွင် တစ်နိုင်ငံလုံးရှိ ဘုရားစေတီများ၌ မသိုးရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ခြင်းများ သာမညဖလ အခါတော်နေ့ ပူဇော်ပွဲ အခမ်းအနားများ၊ ဆွမ်းတော်ကြီးတင်လှူပူဇော်ပွဲများ၊ ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပွဲများနှင့် စုပေါင်း မဟာဘုံကထိန် အလှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

## မီးထွန်းပွဲတော်ဆင်နွှဲ

တန်ဆောင်မုန်း လပြည်နေ့ မီးထွန်းပွဲတော်တွင် ရုံးများ၊ ရပ်ကွက်အလိုက်၊ လမ်းအလိုက် လျှပ်စစ်ရောင်စုံမီးအလှများ၊ ဆီမီးခွက်များ၊ ဖယောင်းတိုင်မီးများဖြင့် မီးထွန်းပွဲတော်ကို မြိုင်မြိုင်ဆိုင်ဆိုင် ဆင်နွှဲကြသည်။ နေအိမ်များ၌လည်း ဆီမီးထွန်းခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်းတို့ကိုလည်း ပြုလုပ်ကြပြီး လမ်းအလိုက် နိဗ္ဗာန်ဈေးပွဲတော်များကို ကျင်းပကြရာ အလှူရှင်များ၊ အားပေးသုံးဆောင်သူများဖြင့် အထူးပင်စည်ကားလျက်ရှိသည်။



ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေစဉ်။

ထို့အတူ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၊ မဟာဗန္ဓုလပန်းခြံနှင့် အချက်အချာကျသည့်နေရာများတွင် ရောင်စုံမီးအလှများကို ပုံစံမျိုးစုံဖြင့် မီးရောင်စုံများ ထွန်းညှိထားကြသည်။

**သတင်း- ကိုကိုဇော်၊ ကျော်စိုးဝင်း**
**ဓာတ်ပုံ-လတ်လတ်(သတင်းစဉ်)**

---




# (၁၄) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား သီပေါ၌ ကျင်းပ

သီပေါ နိုဝင်ဘာ ၇

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းဖြစ်ပေါ်လာပုံနှင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ဌာန၏ ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူးက အငြိမ်းစားဝန်ထမ်း ၂၅ ဦးတို့အား အမှတ်တရလက်ဆောင်များ ပေးအပ်၍လည်းကောင်း၊ စီမံခန့်ခွဲရေးဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု အကောင်းဆုံးဆုနှင့် အကြိမ်အများဆုံး သွေးလှူရှင်ဝန်ထမ်းများအား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား တူညီဝတ်စုံများ ပေးအပ်သည်။

**စိုင်း(သီပေါ)**

# တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

နေပြည်တော် နိုဝင်ဘာ ၇

**တန်ဆောင်မုန်းလသည် မြန်မာ့ ၁၂ လရာသီတွင် ရှစ်လမြောက်လဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဇာတသတ် မင်းကြီးအမှူးပြုသော ပရိသတ်တို့အား သာမညဖလသုတ်တော်ခေါ် ရဟန်းပြုရ အကျိုးပြတရားတော်ကို ဟောကြားတော်မူသော နေ့ထူး နေ့မြတ်ဖြစ်သည်။**

ယနေ့ ကျရောက်သည့် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူး လာရောက်ကြသူများ၊ ကုသိုလ် ကောင်းမှုပြုသူများ၊ ဥပုသ် သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၄) ကြိမ်မြောက် တန်ဆောင်တိုင် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို အဆိုပါ စေတီ တော်လိုဏ်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည် တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦး လွင်၊ သာသနာရေးနှင့် ယဉ်ကျေး မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော် ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာ လင်း၊ ဦးမြင့်စိုး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့် တာဝန်ရှိသူများက စေတီတော် လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာ ရုပ်ပွားဆင်းတုတော်များနှင့် စေတီ တော် အရှေ့မြောက်ထောင့်ရှိ မဟာဆုတောင်းပြည့် ဘုရားကြီး အား တန်ဆောင်တိုင် ရွှေကြာ သင်္ကန်းကပ်လှူပူဇော်ပြီး ရုပ်ပွား တော်များအား မြသပိတ်တော် ဖြင့် ဆွမ်း၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေတို့ကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် (၁၄၁)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်း အနားကို စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံအတွင်း၌ ဆက်လက် ကျင်းပရာ ဥပ္ပါတသန္တိ စေတီတော် မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါ စရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာ အရှေ့ကျောင်းတိုက် ပဓာနနာယက အဘိဓဇ အဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပဏ္ဍိတထံမှ ဒုတိယဝန်ကြီးနှင့်ဇနီး နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဧည့်ပရိသတ် များက ကိုးပါးသီလ ခံယူဆောက် တည်ကြပြီး ဆရာတော်သံဃာ တော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရား တော်များကို နာယူကြသည်။

ယင်းနောက် ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော ဆရာတော်၊ သံဃာ တော်များအား ဒုတိယဝန်ကြီးနှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာန ချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိ သူများက လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းလောင်း အမျှပေးဝေကြ သည်။

ဥပ္ပါတသန္တိ စေတီတော်မြတ် ကြီး၏ ပရိဝုဏ်အတွင်း ရတနာ ဆင်ဖြူတော် ထိန်းသိမ်းစောင့် ရှောက်ရေးဥယျာဉ်ရှိ ရတနာ ဆင်ဖြူတော် အဆောင်တွင် ဆင်စာကျွေးကြသူများ၊ နိဗ္ဗာန် ကုန်ဆိုင်များနှင့် အမှတ်တရ ပစ္စည်း အရောင်းဆိုင်များတွင် လည်း ဈေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဒုတိယဝန်ကြီး ဦးအေးထွန်းတို့ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်စဉ်။

ထို့ပြင် ညနေပိုင်းတွင် ဥပ္ပါတ သန္တိစေတီတော်မြတ်ကြီး စေတီ တော်ရင်ပြင်တွင် ဘုရားရှင် အား ရည်မှန်း၍ ဆီမီးပူဇော်ပွဲ ကျင်းပရာ ဘုရားဖူးပြည်သူများ ဖြင့် စည်ကားလျက်ရှိသည့်အပြင် စေတီတော်မြတ်ကြီး အနီးရှိ တပေါင်းကွင်း၌လည်း မီးရှူး၊ မီးပန်းများ ပစ်ဖောက်ရာ အများ ပြည်သူများ လာရောက်ကြည့်ရှုကြ သူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဗုဒ္ဓ ဂယာ (နေပြည်တော်)၊ မဟာ သကျရံသီ ရုပ်တော်မူရုပ်ရှင်တော် မြတ်ကြီး၊ ရန်အောင်မြင် ရွှေလက် လှစေတီတော်၊ ရန်အောင်ချမ်းသာ ဘုရား၊ ဓါတုစယခေတ်ပေါင်းစု စေတီတော်၊ ထာဝရငြိမ်းချမ်းရေး စေတီ၊ လေ့ခွင်းတောင်တန်ခိုးကြီး ဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့် လောကမာရဇိန် စေတီတော်၊ သံသရာငြိမ်းအေး စေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်း ကြီးဘုရား၊ လောကရန်နိုမ်စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ်တောင်စေတီ၊ မြို့ပေါ် ရပ်ကွက်များရှိ စေတီပုထိုးများ နှင့် ကျောင်းကန်ဇရပ်များတွင် ဘာသာရေးဝတ် အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်း မိသားစုများ၊ အနယ်နယ်အရပ်ရပ် မှ ဘုရားဖူးလာရောက်ကြသူများ သည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ တရားသဘင် များ ကျင်းပခြင်း၊ ဆရာတော် သံဃာတော်များအား ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန် စိမ်း လောင်းလှူခြင်း၊ စတုဒိသာ ကျွေးမွေး လှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ လမ်းများ၌ မော်တော် ယာဉ်များ၊ ဆိုင်ကယ်များဖြင့် ဘုံကထိန်များ လှည့်လည်ခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်များ ကျင်းပ ခြင်း၊ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale တို့တွင် ဈေးလာဝယ် ကြသူများ၊ အမျိုးသားအထိမ်း အမှတ်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ လေ့ခွင်းတောင် အပန်းဖြေစခန်း၊ ငလိုက်ဆင် စခန်းနှင့် မင်္ဂလာကန်တော်တွင် အပန်းဖြေ လာရောက်ကြသူများ ဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ နေပြည်တော်ရေပန်း ဥယျာဉ်အတွင်း ကျင်းပလျက် ရှိသည့် ညဈေးရောင်းပွဲတော် အတွင်း ဖျော်ဖြေရေးအစီအစဉ် များအဖြစ် နိုင်ငံကျော်တေးသံရှင် များက DJ, Music Band များ နှင့်အတူ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ဖျော်ဖြေ တင်ဆက်ကြရာ လာရောက် လည်ပတ်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင်လည်း အဆိုပါ ဘုရားများ၌ ဆီမီးပူဇော်ပွဲများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိ ပူဇော်ကြသူများ၊ မဲဇလီဖူးသုပ် ဒါနပြုကြသူများ၊ ပွဲသကူ လိုက်လံ ကောက်ကြသူများဖြင့် စည်ကား လျက်ရှိသည်။

တန်ဆောင်မုန်း လပြည့်နေ့ တွင် ဘုရားဖူးလာရောက်ကြ သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာ ရေး ဝန်ထမ်းများနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက နှာခေါင်းစည်း များ ဖြန့်ဝေခြင်း၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ဘုရားဖူးပြည်သူ များ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ဆောင်ရွက်ပေး ခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကလည်း ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင် ရန် လုံခြုံရေးဆောင်ရွက်ပေး လျက်ရှိကိုလည်း တွေ့ရသည်။

**တက်သစ်စ၊ ဓာတ်ပုံ- ကိုကြီးထိန်**

# တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့လုံးအနှံ့ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြား

**မန္တလေး နိုဝင်ဘာ ၇**

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ (သာမည ဖလအခါတော်နေ့)တွင် မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေကြ သူများဖြင့် မြို့လုံးအနှံ့ အထူးစည်ကားများပြား လျက်ရှိသည်။



ယနေ့တွင် နံနက်အရုဏ်တက်ချိန်မှ စတင်၍ မန္တလေးမြို့ရှိ ဘုရားပုထိုးစေတီတော်များ၊ ဓမ္မာရုံများ ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲများနှင့် ဘုန်းတော်ကြီး ကျောင်းများ၌ ဌာနဆိုင်ရာအသီးသီးတို့မှ ကထိန် သင်္ကန်းကပ်လှူ ကုသိုလ်ပြုခြင်းနှင့် ဆီမီးထွန်းညှိ ပူဇော်ပွဲများကို အစဉ်အလာမပျက် ကျင်းပလျက်ရှိ ရာ စည်ကားလျက်ရှိပြီး အသင်းအဖွဲ့အလိုက်၊ မိသားစုအလိုက် ကထိန်ပွဲတော်များကို သက်ဆိုင်ရာ ကျောင်းများသို့ သွားရောက်ခင်းကျင်း၍ ရေစက်ချ လှူဒါန်းခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ စတုဒိသာ ကျွေးမွေးကုသိုလ်ပြုခြင်းများဖြင့် မန္တလေးမြို့တစ်ခွင် ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိသည်။

မန္တလေးမြို့၏ အထင်ကရတန်ခိုးကြီး ဘုရား တစ်ဆူဖြစ်သည့် မဟာမုနိဘုရားကြီးအား ယနေ့ နံနက်ပိုင်းက ရေတော်ဆရာတော် အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့မှ မျက်နှာသစ်တော်မူပြီး မသိုးမြတ်သင်္ကန်းတော် ဆက်ကပ်လှူဒါန်းကာ ဆွမ်း၊ ရေချမ်း၊ ပန်းများ ဆက်ကပ်ပူဇော်ပြီး ရဟန်းရှင်လူ ပြည်သူများကလည်း ဆွမ်း၊ ရေချမ်း၊ ပန်း ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာအားထုတ်ကြ ခြင်းများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့၏ အထင်ကရနေရာများ ဖြစ်သော ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ပုသိမ် ကြီးမြို့နယ်ရှိ အပန်းဖြေစခန်းများ၊ အမရပူမြို့နယ် ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့၌ ဒေသခံ ပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ အနားယူသူများဖြင့် စည်ကား လျက်ရှိသည်။

ထို့ပြင် မန္တလေးတောင်တော် ဆုတောင်းပြည့် ဘုရား၊ကုသိုလ်တော်ဘုရား၊ကျောက်တော်ကြီးဘုရား၊ မဟာလောကရန်နိုမ်အောင်တော်မူ ဆုတောင်းပြည့် ဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ ဆုတောင်းရ ဘုရား၊ ဆုတောင်းပြည့်ဘုရား၊ ချမ်းသာရဘုရား စသည့် တန်ခိုးကြီးဘုရားစေတီတော်တို့တွင် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ဆီမီးပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် အလှူရှင်များက စတုဒိသာ မုန့်လုံးရေပေါ်၊ မဲဇလီဖူး သုပ်နှင့် ကြာဆံဟင်းများ ကျွေးမွေးကုသိုလ်ပြုကြ သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှု အခြေအနေ



မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၂ ရက်မှ ၅ ရက်အထိ CMP၊ လယ်ယာထွက်ကုန် ပစ္စည်းများအနေဖြင့် ရေထွက်ပစ္စည်းများ တင်ပို့မှုများရှိပြီး လယ်ယာထွက်ကုန်ပစ္စည်းများမှ ငရုတ်၊ ကြက်သွန်နီ၊ ဆန်ကွဲ၊ ဆန်မှုန့်၊ ဂေါ်ဖီထုပ်၊ ဝဥ (စို)၊ ရော်ဘာ၊ မတ်ပဲ၊ သီဟိုဠ်၊ ချင်းခြောက်၊ Cinnamon တို့ကိုလည်း တင်ပို့လျက်ရှိသည်။ ရေထွက်ကုန်ပစ္စည်းများမှာ ငါးပါးနီ၊ ငါးမွေထိုး၊ ငါးသလောက်၊ ငါးခွေးလျှာ၊ ငါးမုတ်၊ ကဏန်း၊ ပုစွန်၊ ငါးပိတို့ တင်ပို့လျက်ရှိသည်။ အဆိုပါ ပို့ကုန်အမယ်များအနက် CMP၊ ဆန်မှုန့်၊ မတ်ပဲ၊ ငါးပိ၊ ငရုတ်၊ Contact Image Sensor များကို အများဆုံးတင်ပို့လျက်ရှိသည်။ ရေထွက်ကုန်ပစ္စည်းများအား ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် ကုန်သွယ်ရေးဇုန်၊ BCF တံတား-၂ တို့မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ အမြန်ရောက်ရှိရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ ထိုနည်းတူ ကုန်စိမ်းပို့ကုန်များဖြစ်ကြသည့် ကြက်သွန်နီ၊ ငရုတ်၊ ဂေါ်ဖီထုပ်တို့ကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် ချည်ပိတ်လိပ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ ဖိနပ်များ၊ အသင့်ချုပ်ပြီး အဝတ်အထည်များ၊သစ်သီး၊ စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်း၊ ဖိနပ်အပို ပစ္စည်းများ၊ Gas၊ Lubricant များ၊ အိမ်သုံးပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ စက်ဘီးများ၊ စာရေးကိရိယာများ၊ ကားအပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ တင်သွင်းလျက်ရှိသည်။ ၎င်းအမယ်များအနက်မှ Garment ၊ ဆောက်လုပ်ရေးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်း၊ စက်နှင့် စက်အပိုပစ္စည်းများ၊ အလှကုန်များ၊ ချည်ပိတ်လိပ်များနှင့် ဆက်စပ်ပစ္စည်းများ၊ ဆပ်ပြာမှုန့်ကုန်ကြမ်း၊ ကော်စေ့၊ ပုလင်းခွံလွတ်၊ သွားတိုက်ဆေးကုန်ကြမ်းများကို အများဆုံးတင်သွင်းခဲ့ကြောင်း သိရှိရသည်။

သွင်းကုန်တင်သွင်းသည့် ကုန်သည်များအနေဖြင့် ယခုလဆန်းပိုင်းတွင် ဘတ်စျေးသည် တစ်ဘတ်လျှင် ငွေကျပ်၆၇ ကျပ်အထိရှိခဲ့ပြီး လကုန်ပိုင်းတွင် တစ်ဘတ်လျှင် ငွေကျပ် ၇၉ ဒသမ ၃၆ ခန့်အထိ ဘတ်စျေးနှုန်းများ ပြန်လည်မြင့်တက်လာမှုကြောင့် ဘတ်စျေးနှုန်းအပြောင်းအလဲပေါ် မူတည်၍ သွင်းကုန်ပစ္စည်းများကို ချိန်ဆတင်သွင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **မြဝတီကုန်သွယ်ရေးဇုန်**

# စစ်ကိုင်းခရိုင်၌ ဂျုံသီးနှံစိုက်တောင်သူများ အကျိုးအမြတ်ရရှိနိုင်

စစ်ကိုင်းခရိုင်အနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဂျုံစိုက်ဧက ၄၇၅၇၆ စိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၉ တင်းခန့်ထွက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးရန်လျာထားဧက ၄၇၆၀၁ ဧကဖြစ်ပြီး တိုးချဲ့စိုက်ပျိုးရန် ဧက ၁၇၅၀ လျာထားကြောင်း ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဂျုံသီးနှံစိုက်ပျိုးရာတွင် ထယ်ထိုးရခြင်း၊ ရေသွင်းရခြင်း၊ မြေဆီသုံးရခြင်း၊ မျိုးတစ်တင်း ငွေကျပ် ၇၀၀၀၀ဖြင့် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ အသုံးပြုရခြင်းများကြောင့် တစ်ဧကလျှင် စုစုပေါင်း ကုန်ကျစရိတ် ငွေကျပ် လေးသိန်းခန့် ကုန်ကျနိုင်သည်။ တစ်ဧကလျှင် ခန့်မှန်း ၁၉ တင်းထွက်လျှင် လက်ရှိ ဂျုံစေ့တစ်တင်းပေါက်စျေး ငွေကျပ် ၆၀၀၀၀ ဖြင့် တွက်ပါက စုစုပေါင်း ငွေကျပ် ၁၁၄၀၀၀၀ ရရှိမည်ဖြစ်၍ တစ်ဧကစိုက်ပျိုးလျှင် အကျိုးအမြတ်အနေဖြင့် ငွေကျပ် ခုနစ်သိန်းကျော် ရရှိနိုင်ကြောင်း သိရသည်။

**DOCA(စစ်ကိုင်း)**

## စလင်းမြို့နယ်တွင် ပန်းမုန်လာ(ခေါ်) ပန်းဂေါ်ဖီစိုက် တောင်သူများ အကျိုးအမြတ်ရ

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တောင်သူများအနေဖြင့် နှစ်စဉ် ပန်းမုန်လာ သုံးဧကခန့် စိုက်ပျိုးပြီး မြေပြုပြင်ခြင်း၊ မျိုး၊ စိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် လုပ်သားခများ အပါအဝင် တစ်ဧက စိုက်ပျိုး ထုတ်လုပ်မှု ကုန်ကျစရိတ် ငွေကျပ် ကိုးသိန်း ကုန်ကျသည်ဟု သိရသည်။

ခူးဆွတ်ပြီး ပန်းမုန်လာများကို အရွယ်အစားအလိုက် တစ်ထုပ်လျှင် ပျမ်းမျှ တစ်ပိဿခန့်ရှိပြီး တစ်ထုပ်လျှင် ငွေကျပ်၃၀၀-၅၀၀နှုန်းခန့်ဖြင့် ရောင်းချရကာ ပွဲစားမှ ကျေးရွာသို့ လာရောက်ဝယ်ယူကြပြီး မြို့ပေါ်ပွဲရုံများနှင့် ကျောက်ပန်းတောင်း၊ ချောက်၊ မကွေး၊ မင်းဘူး၊ ပွင့်ဖြူမြို့များသို့လည်း တင်ပို့ရောင်းချရသဖြင့် တစ်ဧက ထွက်ကုန် ရောင်းချရငွေကျပ် ၁၇ သိန်းခန့် ပြန်လည်ရရှိ၍ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ရှစ်သိန်းခန့် ရရှိကြောင်း သိရသည်။

**DOCA (မကွေး)**

# စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးစပါးမျိုးကွဲပေါင်း ၂၀ ကျော်စိုက်ပျိုး

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးစပါးစိုက်ပျိုးရန် ဧက ၁၈၁၉၅၀၀ လျာထားပြီး ယနေ့ထိ မိုးစပါးဧကပေါင်း ၁၈၁၉၉၉၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသဖြင့် လျာထားချက်ထက် ကျော်လွန်အောင်စိုက်ပျိုးနိုင်ခဲ့သည်။ စပါးမျိုးကွဲပေါင်း ၂၀ ခန့်စိုက်ပျိုးခဲ့သော်လည်း အများဆုံးစိုက်ပျိုးသည့် စပါးမျိုးမှာ လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံစားသုံးနေသော ရောမင်းစပါးမျိုးဖြစ်ပြီး ဧကပေါင်း ၆ ဒသမ ၅ သိန်းကျော် စိုက်ပျိုးခဲ့ပြီး အများဆုံး စိုက်ပျိုးသော ခရိုင်မှာ ရွေဦးခရိုင်ဖြစ်ပြီး ဧက ၁ ဒသမ ၄ သိန်းကျော်နှင့် ကန့်ဘလူခရိုင်တွင် ဧက ၁ ဒသမ ၁ သိန်းကျော် စိုက်ပျိုးခဲ့ပြီး ဒုတိယ အများဆုံး စိုက်ပျိုးသည့် စပါးမျိုးမှာ ရွှေဘိုပေါ်ဆန်း စပါးမျိုးဖြစ်ကာ ဧကပေါင်း ၃ ဒသမ ၅ သိန်းကျော် စိုက်ပျိုးခဲ့ပြီး ရွှေဘိုခရိုင်တွင် ၂ ဒသမ ၂ သိန်းကျော်နှင့် ရွေဦးခရိုင်တွင် တစ်သိန်းကျော် စိုက်ပျိုးခဲ့ကြောင်း၊ တတိယအများဆုံး စိုက်ပျိုးစပါးမျိုးမှာ ဧကပေါင်း ၂ ဒသမ ၆ သိန်းကျော် စိုက်ပျိုးသည့် ဆင်းရေး-၃ စပါးမျိုးဖြစ်ပြီး ကသာခရိုင်တွင် ၁ ဒသမ ၂ သိန်းကျော်နှင့် ကောလင်းခရိုင်တွင် ခြောက်သောင်းကျော် စိုက်ပျိုးကြောင်း သိရသည်။

အခြားစိုက်ပျိုးသည့် စပါးမျိုးကွဲများမှာ မော်ဘီစပါးမျိုး၊ ဆင်းသုခစပါးမျိုး၊ မနောသုခစပါးမျိုး၊ ရွှေသွယ်ရင်စပါးမျိုး၊ လုံးသွယ်မွှေးစပါးမျိုး၊ ကောက်ညှင်းမျိုး၊ ပုလဲသွယ်၊ ဆင်းသွယ်ရင်၊ IR747၊ ရက် ၉၀၊ ဗီယက်နမ်၊ ရွှေယဉ်အေး၊ ရွှေဝါထွန်း၊ တောင်ယာနှင့် အခြားမျိုးများ စိုက်ပျိုးကြောင်း သိရသည်။

**ဖေယျာကုန်သွယ်မှုဇဟိုဌာန**

# ရှမ်းပြည်နယ် ချင်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးနှုန်းဈေးကွက်အခြေအနေ

ချင်းကို ရှမ်းပြည်နယ် တောင်ပိုင်းဒေသများဖြစ်သည့် တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်နှင့် ကလောခရိုင် ၂၁ မြို့နယ်၌ အဓိကစိုက်ပျိုးထုတ်လုပ်၍ ပြည်နယ်အတွင်း စားသုံးမှုနှင့် အလေအလွင့်အနေဖြင့် တန်ချိန် ၆၂၇၀ ဖြစ်ပြီး ပိုလျှံသည့် တန်ချိန် ၅၆၅၀၄ တန်ကို ပြည်တွင်းဈေးကွက်နှင့် ပြည်ပသို့ ရန်ကုန်၊ မန္တလေးမြို့များရှိ ကုမ္ပဏီများမှ တစ်ဆင့် တင်ပို့သည်။

စိုက်ပျိုးသည့် မျိုးများအနေဖြင့် ဒေသအခေါ် ချင်းကြီး (အဝါမျိုးနှင့် ကျောက်စိမ်းမျိုး)၊ ချင်းသေးမျိုးဟူ၍ နှစ်မျိုးရှိပြီး ဈေးကွက်အတွင်း၌ ချင်းကြီးမျိုးကိုသာ ပြည်ပတင်ပို့ခြင်းနှင့် ပြည်တွင်း ဈေးကွက်များသို့ အများဆုံး ရောင်းချကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့များနှင့် ပူးပေါင်း၍ ဆွစ်ဇာလန်နိုင်ငံ (SECO) မှ ထောက်ပံ့မှုဖြင့် “Upgrading Horticulture Supply and Sustainable Tourism to Develop Business Linkages” ခေါင်းစဉ်ဖြင့် ၂၀၁၈ ခုနှစ် ၂၀၂၂ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ချင်းကဏ္ဍအတွက် ရပ်စောက်၊ ဆီဆိုင်မြို့နယ်များမှ တောင်သူများကို စိုက်ပျိုးမှုနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖြန့်ဖြူးခြင်း၊ ချင်းရေဆေးစက်များ၊ ထုပ်ပိုးမှုအတွက် Carton Box များ ချင်းအလွှာပြုလုပ်သည့် စက်များ ကူညီထောက်ပံ့ခြင်း၊ မြန်မာ GAP လက်မှတ်များ ရရှိအောင် ဆောင်ရွက်ပေးခြင်း မြန်မာ့ချင်း စံချိန် စံညွှန်းအတွက် DRI မှ ဦးဆောင်၍ စီမံကိန်း၏ ပံ့ပိုးကူညီမှုဖြင့် ရေးဆွဲထုတ်ပြန်ရန် ဆောင်ရွက်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရန် အတွက် ပြည်တွင်းရှိ City Mart ကဲ့သို့ ကုန်တိုက်များထံ တစ်နှစ်ပတ်လုံး တင်သွင်းရောင်းချနိုင်ရန် စသည့် ကိစ္စများကို ဆောင်ရွက်ပေးနိုင်သည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ ယခုနှစ်တွင် အောက်တိုဘာလဆန်းမှစတင်၍ ချင်းအသစ်များ စတင်ထွက်ပြီး ဈေးကွက်များသို့ တင်ပို့ခြင်း၊ အထွက်အနေဖြင့်လည်း စိုက်ခင်းများသို့ ပိုးမွှားကျရောက်မှုရှိခြင်းကြောင့် အထွက်နှုန်းမှာ ယခင်နှစ်ထွက်ရှိမှုထက် အနည်းငယ်ခန့် လျော့နည်းနိုင်ပြီး ဈေးနှုန်းအနေဖြင့်လည်း ပုံမှန် ငွေကျပ် ၈၀၀ မှ ၁၀၀၀ ခန့် ရှိနိုင်ကြောင်း ပွဲရုံများမှ သိရသည်။

## ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ (တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောများ ပိုမိုတင်ပို့နိုင်မည့် အလားအလာ)

ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာလပထမပတ်အတွင်း ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းတွင် သံခြင်းကွန်တိန်နာများ၊ အင်ဂျင်များ၊ သံနှင့် သံမဏိဆောက်လုပ်ရေးသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ တာယာနှင့် ကျွတ်များ၊ သံနှင့် သံမဏိများ၊ လျှပ်စစ်မီးသီးနှင့်မီးချောင်းများ၊ ပရိဘောဂများ၊ ချုပ်ပြီးအဝတ်အထည်များနှင့် အခြားလူသုံးကုန်ပစ္စည်းများ တင်သွင်းနိုင်ခဲ့ပါသည်။ အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောမှာ စတင်ထွက်ရှိလာသောကြောင့် နောင်ကာလများ၌ ပို့ကုန်ပိုင်းတွင် ပိုမိုတင်ပို့လာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောကို ၂၀၀၇ ခုနှစ်တွင် ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးခဲ့ပြီး တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှတစ်ဆင့် ဘိန်းအစားထိုး သီးနှံအဖြစ်သာ တင်ပို့နိုင်ခဲ့သည်။ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ တစ်ဆင့် တရားဝင်တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၊ အပင်နှင့် တိရစ္ဆာန်ကူးစက်ရောဂါ ပိုးမွှားစစ်ဆေးရေးဌာန (GACC)တို့သည် တစ်သျှူးငှက်ပျောတင်ပို့မှုနှင့် ပတ်သက်၍ အပင်ကျန်းမာရေးဆိုင်ရာလိုအပ်ချက်သဘောတူစာချုပ်အား ယခုနှစ်အစောပိုင်းတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယခုအခါ တရုတ်နိုင်ငံ GACC တွင် ကချင်ပြည်နယ်မှ ငှက်ပျောကုမ္ပဏီများ မှတ်ပုံတင်နိုင်ရေးဆောင်ရွက်ခဲ့ရာ ကုမ္ပဏီ ၃၂ ခုကို တရုတ်နိုင်ငံ(GACC)မှ မှတ်ပုံတင်ခွင့်ပြုခဲ့သောကြောင့် အဆိုပါကုမ္ပဏီ ၃၂ ခုသည် တစ်သျှူးငှက်ပျော တရားဝင်တင်ပို့ခွင့်ရရှိခဲ့ကြောင်း သိရသည်။

## ဘင်္ဂလားဒေ့ရှ်တွင် ဈေးကွက်ရရှိနေသော မြန်မာ့လဲမှို့

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်သို့ တင်ပို့နေသော ပို့ကုန်ပစ္စည်းများတွင် လဲမှို့သည်လည်း ပို့ကုန်အမယ်တစ်ခုအဖြစ် ပါဝင်လျက်ရှိသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက် ခြောက်လတာကာလအတွင်း လဲမှို့ တန်ချိန် ၈ ဒသမ ၅ တန် တင်ပို့နိုင်ခဲ့သော်လည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလ မှ စက်တင်ဘာလအထိ) လဲမှို့တန်ချိန် ငါးတန်သာတင်ပို့နိုင်ခဲ့သည်။ မီနီဘတ်ဂျက် ကာလထက် တင်ပို့မှုအနည်းငယ် လျော့နည်းခဲ့ပြီး မြန်မာ့လဲမှို့များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဈေးကွက်တွင် ဝယ်လိုအားမြင့်မားသည့် ပို့ကုန်အမယ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

**သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း**

# အစ္စရေးနိုင်ငံ၌ ဘင်ဂျမင်နေတန်ယာဟု အာဏာပြန်လည်ရရှိသည့်အပေါ် ဗြိတိန်ဝန်ကြီးချုပ် ဝမ်းမြောက်ဂုဏ်ယူ

လန်ဒန် နိုဝင်ဘာ ၇

**အစ္စရေးနိုင်ငံ၌ ဘင်ဂျမင်နေတန်ယာဟု အာဏာပြန်လည်ရရှိသည့်အပေါ် ဗြိတိန်က ဝမ်းမြောက်ဂုဏ်ယူကြောင်း နိုဝင်ဘာ ၇ ရက်က ဖော်ပြလိုက်သည်။**



ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူးနက်ခ်

အင်္ဂလန်ပြည်သူများကိုယ်စား မိမိက အစ္စရေးရွေးကောက်ပွဲတွင် နေတန်ယာဟု ပြန်လည်အနိုင်ရရှိခဲ့သည့်အပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူးနက်ခ်က စီအိုပီ ၂၇ ရာသီဥတုညီလာခံ တက်ရောက်ရန် အီဂျစ်သို့ ရောက်ရှိစဉ် တွစ်တာတွင် ဖော်ပြလိုက်သည်။

ကုန်သွယ်ရေး၊ လုံခြုံရေးနှင့် နည်းပညာဆိုင်ရာ နယ်ပယ်ကဲ့သို့သော ကဏ္ဍများတွင် မိမိတို့နိုင်ငံများအနေဖြင့် အတူတကွ လက်တွဲလုပ်ဆောင်နိုင်ကြောင်း၊ ရွေးကောက်ပွဲအနိုင်ရရှိပြီး ဝန်ကြီးချုပ်အဖြစ် အာဏာပြန်လည်ရရှိခဲ့သော နေတန်ယာဟုနှင့် လက်တွဲလုပ်ဆောင်ရန် မျှော်လင့်ကြောင်း ဆူးနက်ခ်က ပြောသည်။

တင်းကျပ်သော ရှေးရိုးစွဲဝါဒီများနှင့် လက်ယာစွန်းမဟာမိတ်များ ကျောထောက်နောက်ခံပြုထားသော နေတန်ယာဟု အင်္ဂါနေ့ ရွေးကောက်ပွဲတွင် ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့ခြင်းက နိုင်ငံရေးအတွေ့အကြုံ ရင့်ကျက်သည့် ခေါင်းဆောင်တစ်ယောက်ကို အံ့အားတသင့်ပြန်လာရန် ကြိုဆိုလိုက်သလိုဖြစ်သည်။

ဆူးနက်ခ်၏ ပြောရေးဆိုခွင့်ရှိသူက အစ္စရေးနိုင်ငံရှိ ပါတီများအားလုံးကို ဖောင်းပွစေသည့်စကားများ မပြောဘဲ ရှောင်ကြဉ်ကြရန်နှင့် သည်းခံနိုင်မှုကို ပြသရန်၊ လူနည်းစုအုပ်စုများအပေါ်လေးစားရန် နိုဝင်ဘာ ၇ ရက်က တိုက်တွန်းပြောကြားလိုက်သည်။ **အေအက်ဖ်ပီ**



# ဗီယက်နမ်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် ပထမ ၁၀ လအတွင်း ၅၈၁ ဦး အစာအဆိပ်သင့်ပြီး ၁၁ ဦးသေဆုံး

**ဟနွိုင်း နိုဝင်ဘာ ၇**

ဗီယက်နမ်နိုင်ငံ၌ ၂၀၂၀ ပထမ ၁၀ လအတွင်း လူပေါင်း ၅၈၁ ဦး အစာအဆိပ်သင့်ခဲ့ပြီး ၁၁ ဦး သေဆုံးခဲ့ကြောင်း ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးဌာနက နိုဝင်ဘာ ၇ ရက်က ပြောကြားလိုက်သည်။

လွန်ခဲ့သောနှစ် အလားတူကာလက အစာအဆိပ်သင့်ခဲ့သူ ၁၅၁၉ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယခုနှစ် လတ်တလောအချိန်အထိ ဗီယက်နမ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ ၂၈၁၀၀၀ ကျော်ရှိခဲ့ပြီး ၁၁၀ သေဆုံးခဲ့ကြောင်း သိရသည်။

၁၀ လတာကာလအတွင်း ဗီယက်နမ်နိုင်ငံ၌ ဦးနှောက်ရောင်ရောဂါ ကူးစက်ခံစားနေရသူ ၂၃၉ဦးရှိပြီး ငါးဦးသေဆုံးခဲ့သည်။ ထို့အပြင် ခြေ၊ လက်၊ ပါးစပ်အနာပေါက်ရောဂါ ဖြစ်ပွားသူ ၅၅၄၄၄ ဦးရှိပြီး သုံးဦး သေဆုံးခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံတွင် အိတ်ချ်အိုင်ဗွီကူးစက်ဖြစ်ပွားသူ ၂၀၅၈၀ ရှိသည်။ နိုင်ငံတစ်ဝန်း အိဒ်စ်ရောဂါနှင့် ဆက်စပ်ရောဂါများကြောင့် ၁၁၂၃၆၈ ဦး သေဆုံးခဲ့သည်။

**ဆင်ဟွာ**

# ရာသီဥတုဆိုင်ရာဘေးဒုက္ခအကြောင်း ရင်ဖွင့်ချင်သူများကို တွန်းအားပေးရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း ဂရီတာ သွန်းဘာ့ဂ် ပြော

**စတော့ဟုမ်း နိုဝင်ဘာ ၇**

ရာသီဥတုဆိုင်ရာ ကျောင်းသားသပိတ်ကို စတင်ခဲ့ပြီးလေးနှစ်ကြာပြီးနောက် ဆွီဒင်တက်ကြွသူ ဂရီတာသွန်းဘာ့ဂ်က ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ရှေ့တန်းမှ ဦးဆောင်သူများကို Baton (လက်ဆင့်ကမ်းပြိုင်ပွဲတွင် အသုံးပြုသည့် အချက်ပြတုတ်တို) ကို လက်ဆင့်ကမ်းပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၇ ရက် တွေ့ဆုံမေးမြန်းခန်း တစ်ခုတွင် ပြောကြားလိုက်သည်။

မိမိတို့သည် ရာသီဥတုဘေးဒုက္ခဒဏ်ကို အများဆုံးခံစားနေရသူများ၏ အတွေ့အကြုံများနှင့် အစီရင်ခံစာများကိုလည်း နားထောင်သင့်ကြောင်း၊ ရာသီဥတုဆိုင်ရာ ဘေးဒုက္ခပုံပြင်တွေကို အမှန်တကယ်ပြန်လည်ပြောကြားမည့်သူတွေကို megaphone (အသံချဲ့စက်တွေ) လွှဲပြောင်းပေးရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း အသက် ၁၉ နှစ်အရွယ် ဂရီတာသွန်းဘာ့ဂ်က ဆွီဒင်သတင်းအေဂျင်စီ တီတီသို့ ပြောကြားလိုက်သည်။

မကြာသေးမီနှစ်များအတွင်းက ပြည်သူလူထုကို သိပ္ပံပညာများကို နားစွင့်ထားကြရန် တိုက်တွန်းပြောကြားလိုက်ပြီးနောက် ဂရီတာသွန်းဘာ့ဂ်က ယခုအခါ ကမ္ဘာကြီးကို ရှုထောင့်အသစ်ကကြည့်ရှုရန် လိုအပ်လာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

လွန်ခဲ့သောလေးနှစ်က ဆွီဒင်ပါလီမန်အပြင်ဘက်တွင် ဂရီတာသွန်းဘာ့ဂ်၏ တစ်ကိုယ်တော် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သပိတ်ဆင်နွှဲမှုက ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုအဖြစ် ဖန်တီးဖြစ်ပေါ်စေခဲ့ပြီး လူငယ်သန်းပေါင်းများစွာကို စည်းရုံးဆွဲဆောင်စေခဲ့ကာ ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်း အန္တရာယ်ဆိုင်ရာ ငြင်းခုံမှုများကို ဖြစ်ပေါ်စေခဲ့သည်။

ဂရီတာသွန်းဘာ့ဂ်က အနာဂတ် မျိုးဆက်သစ်များအတွက် ကမ္ဘာကြီးကို ကယ်တင်ရန် ရာသီဥတုဆိုင်ရာ အရေးပေါ် ဆွေးနွေးငြင်းခုံမှုတစ်ခု လိုအပ်နေပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**



# နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မလေးရှား၌ မဲဆွယ်စည်းရုံးမှုများ စတင်

**ကွာလာလမ်ပူ နိုဝင်ဘာ ၇**

နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည့် မလေးရှားနိုင်ငံ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို ဆောင်ရွက်နေပြီဖြစ်သည်။ ရွေးကောက်ပြိုင်ပွဲသည် ခက်ခဲသည့်ပွဲတစ်ပွဲဖြစ်သည်နှင့်အညီ ပါတီများနှင့် မဟာမိတ်များသည် မဲအများစုရရှိရန်အပြိုင်အဆိုင် ကြိုးစားလျက်ရှိသည်။

ပြိုင်ပွဲဝင် ပါတီများသည် အောက်လွှတ်တော် အတွက် လွှတ်တော်အမတ်နေရာ ၂၂၂ ခုလုံးကို သိမ်းပိုက်ရန် ပြင်ဆင်နေကြသည်။

လက်ရှိဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီ ယာကော့ဘ်ဦးဆောင်သည့် အာဏာရမဟာမိတ်ပါတီဖြစ်သော ဘာရီဆန်နာရှင်နယ်လ်ပါတီသည် အနိုင်ရခြေများလျက်ရှိပြီး အာဏာပြန်လည်ရယူနိုင်ခြေများနေကြောင်း သိရသည်။

အစ္စမေးလ်က လွန်ခဲ့သောလက ပါလီမန် ဖျက်သိမ်းရန် ကြေညာခဲ့ပြီးနောက် ရွေးကောက်ပွဲအတွက် မဲပေးရန် စတင်ခဲ့ခြင်းဖြစ်သည်။ အတိုက်အခံညွန့်ပေါင်းအစိုးရကို ဒုတိယဝန်ကြီးချုပ်ဟောင်း အန်ဝါအီဘရာဟင်က ဦးဆောင်လျက်ရှိသည်။

ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သော အသက် ၉၇ နှစ်ရှိ မဟာသီယာမိုဟာမက်သည် နိုင်ငံရေးပါတီသစ် တစ်ပါတီကို ဖွဲ့စည်းခဲ့ပြီး ပါလီမန်တွင် နေရာရရှိရန် ကြိုးစားလျက်ရှိသည်။

မဟာသီယာက မိမိတို့သည် တခြားပါတီများနှင့် လက်တွဲလုပ်ဆောင်ရန် ဆန္ဒရှိသော်လည်း လက်တွဲ လုပ်ဆောင်မည့်ပါတီများသည် သန့်ရှင်းသောပါတီများ ဖြစ်ရမည်ဖြစ်ကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာ ငါးဖမ်းရေယာဉ်ပေါ်မှ ဘိန်းဖြူ ၃၀၀ ကီလိုဂရမ်ကျော် သိမ်းဆည်းရမိ

**ကိုလံဘို နိုဝင်ဘာ ၇**

သီရိလင်္ကာရေတပ်နှင့် ရဲတပ်ဖွဲ့က အမေရိကန်ဒေါ်လာ ၁၇ သန်းကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၀၀ ကီလိုဂရမ်ကျော် တင်ဆောင်လာသည့် လှေတစ်စင်းကို တွေ့ရှိကြောင်း နိုဝင်ဘာ ၇ ရက်တွင် ကြေညာသည်။

သီရိလင်္ကာနိုင်ငံတောင်ပိုင်း ပြည်နယ်ရှိ လစ်တဲဘတ်စ် ရစ်ဖ် မီးပြတိုက်မှ ၁၈ ဒသမ ၅ ကီလိုမီတာခန့်အကွာတွင် ငါးဖမ်းရေယာဉ်တစ်စင်းကို ရေတပ်က ကြားဖြတ်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ငါးဖမ်းရေယာဉ်ပေါ်မှ သီရိလင်္ကာနိုင်ငံသား ခြောက်ဦးကို ရေတပ်က ဖမ်းဆီးထားပြီး အခြားလေးဦးကိုလည်း ရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း သိရသည်။ ယခုဖြစ်စဉ်နှင့် ဆက်စပ်သည့် နောက်ထပ် သံသယရှိသူများကိုလည်း မူးယစ်ဆေးဝါးတပ်ဖွဲ့က ရှာဖွေနေကြောင်း သိရသည်။ ယခု ဖမ်းဆီးရမိမှုနှင့်အတူ သီရိလင်္ကာရေတပ်သည် ၂၀၂၂ ခုနှစ်အတွင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃ သန်းရှိ မူးယစ်ဆေးဝါးများကို တွေ့ရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၇–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၉၅၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၇၄,၇၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၃၁၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၆,၅၅၉)ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၅) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၁၅–၁၀–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈–၁၁–၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၅ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၀ | ၂၁၈၅ | ၂၁၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၃၅ | ၂၉၂၀ |
| 95 Ron | ၂၂၅၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၅၅ | ၂၂၈၅ | ၂၃၁၅ | ၂၃၀၀ | ၂၂၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၅ | ၂၃၀၀ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၅၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၅ | ၂၈၀၀ | ၂၇၉၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၃၅ | ၂၉၅၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၇၂၅ | ၂၇၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၇၀ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၀ | ၃၀၃၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၇၂၅ | ၂၇၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၇၀ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၀ | ၃၀၃၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၁ | ၂၁၀၅ |
| 95 Ron | ၂၁၄၃ | ၂၂၁၉ |
| HSD (500 ppm) | ၂၅၃၅ | ၂၆၁၆ |
| HSD (50 ppm) | ၂၆၀၇ | ၂၆၈၈ |
| HSD (10 ppm) | ၂၆၀၇ | ၂၆၈၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၈၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာ့ရွှေသမင် တို့ ပျော်စံရာ နှစ်ပေါင်း ၈၀ ကျော်သက်တမ်းရှိ ချပ်သင်းဘေးမဲ့တော



ချပ်သင်းဘေးမဲ့တောမှ ရွှေသမင်များကို တွေ့ရစဉ်။

သိန်းညွန့်(PZL)

**မြန်**မာ့ရွှေသမင်တို့ ပျော်စံရာဘေးမဲ့တော...။ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကြီးအဖြစ် စနစ်တကျ အုပ်ချုပ်ထိန်းသိမ်းလာခဲ့သည်မှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၈၀ ကျော်လွန်ခဲ့လေပြီ...

ယင်းဘေးမဲ့တောသည်ကား သမိုင်းကြောင်းတစ်ခု ဖြစ်တည်ခဲ့ဖူးသော ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောပင် ဖြစ်ပေသည်။

ကိုလိုနီခေတ် ရန်ကုန်-မန္တလေး-မြစ်ကြီးနား ရထားလမ်း ဖောက်လုပ်ခဲ့စဉ်ကာလ ၁၉၁၉ ခုနှစ်ခန့်ကတည်းက **ထင်းကြိုးဝိုင်း**အဖြစ် တည်ထောင်ခဲ့သော ယင်းကြိုးဝိုင်းသည် ၁၉၄၁ ခုနှစ် ဇွန် ၁၉ ရက်မှစတင်ကာ **ဘေးမဲ့တော**အဖြစ် အသွင်ပြောင်းခဲ့ပေရာ သက်တမ်းအားဖြင့် စိန်ရတုကာလပင် ကျော်လွန်လာခဲ့ပေပြီ။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်နှင့် ကသာခရိုင် ကောလင်းမြို့နယ်အတွင်း ဖွဲ့စည်းထားသည့် အဆိုပါတိရစ္ဆာန်ဘေးမဲ့တောအား မြေပြန့်လွင်ပြင်များက လွှမ်းခြုံထားကာ အနောက်ဘက်ခြမ်း၌သာ တောင်ကုန်းငယ်အချို့နှင့် လျှိုမြောင်တစ်သွယ်တို့ကို မြင်တွေ့ရပေသည်။



ချပ်သင်းဘေးမဲ့တောတွင် ကျက်စားနေသည့် သမင်တစ်ကောင်။

### ရွှေသမင်များ ပျော်စံမြူးတူးရာ

ကန့်ဘလူမြို့နယ်အတွင်း ၂၁၉၀၈ ဧက ကျရောက်နေပြီး ကောလင်းမြို့နယ်၌ ၄၂၃၅၆ ဧကခန့် ပါဝင်နေသော **ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**သည် မြန်မာနိုင်ငံ၏ ဒေသရင်းမျိုးစိတ်ဖြစ်သော ရှားပါးလှသည့် **မြန်မာ့ရွှေသမင်များ** ပျော်စံမြူးတူးရာ ဘေးမဲ့တောအဖြစ် ထင်ရှားလှသည်။

### နို့တိုက်သတ္တဝါ ၁၃ မျိုး၊ ငှက်မျိုးစိတ် ၂၆၂ မျိုး ကျက်စား

ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၆၀၀ ခန့်တွင် တည်ရှိပြီး အင်တိုင်းတောဂေဟစနစ် တွေ့ရှိရကာ ဘေးမဲ့တော၏ဧရိယာ ၈၂ဒသမ၂၄ ရာခိုင်နှုန်းကို သစ်တောများ လွှမ်းခြုံထားကြောင်း သိရှိရသည်။ အင်တိုင်းတောနိမ့်၊ အင်တိုင်းတောမြင့်၊ အင်တိုင်းရေလွှမ်း၊ မြက်ခင်းတော၊ ရွက်ပြတ်ရောနှောတောဟူ၍ တောအမျိုးအစား ငါးမျိုးတို့ဖြင့် ဖြန့်ကြက်ထားသော အဆိုပါဘေးမဲ့တော၌ မြန်မာ့ရွှေသမင်အပြင် နို့တိုက်သတ္တဝါ ၁၃ မျိုး၊ ငှက်မျိုးစိတ်ပေါင်း ၂၆၂ မျိုး ကျင်လည်ကျက်စားနေကြကြောင်း သိမှတ်ရသည်။



ချပ်သင်းဘေးမဲ့တောအတွင်းမှ ငှက်မျိုးစိတ်အချို့ကို တွေ့ရစဉ်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တည်တံ့ရေးအတွက် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနသည် နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာအေဂျင်စီ(NEA) နှင့် ပူးပေါင်းကာ ၂၀၁၉-၂၀၂၀ ခုနှစ်မှ ၂၀၂၃-၂၀၂၄ ခုနှစ်အထိ ငါးနှစ်တာအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ၁၀ နှစ်တာ တောရိုင်းတိရစ္ဆာန်များအတွက်နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းစီမံချက်(၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉) များကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း ကြားသိရသည်။

အဆိုပါစီမံချက်များအရ ဘေးမဲ့တောအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ ဖြစ်တည်မှုနှင့် ဒေသခံကျေးလက်နေပြည်သူတို့၏



ချပ်သင်းဘေးမဲ့တောတွင် ထိန်းသိမ်းထားသည့် လိပ်မျိုးစိတ်များကို တွေ့ရစဉ်။

> **တောအမျိုးအစား ငါးမျိုးတို့ဖြင့် ဖြန့်ကြက်ထားသော အဆိုပါ ဘေးမဲ့တော၌ မြန်မာ့ရွှေသမင်အပြင် နို့တိုက်သတ္တဝါ ၁၃ မျိုး၊ ငှက်မျိုးစိတ်ပေါင်း ၂၆၂ မျိုး ကျင်လည် ကျက်စားနေကြကြောင်း သိမှတ်ရ**

လူမှုစီးပွားဘဝအဖုံဖုံကို စေ့ငုဆန်းစစ်ကာ ဇုန်နယ်မြေများ ခွဲခြား၍ ထိန်းသိမ်းစောင့်ရှောက်လျက် ရှိနေပေသည်။ အဓိကအားဖြင့် ကောင်ရေလျော့ကျလာသော မြန်မာ့ရွှေသမင်ကောင်ရေနှင့် အင်တိုင်းတောဂေဟစနစ် အနေအထားကို အချိန်မီကုစားမြှင့်တင်ရန် ဦးစားပေး ဖော်ဆောင်လျက်ရှိသည်။

ထို့ပြင် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများနှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ရေးလုပ်ငန်းများ အောင်မြင်ထမြောက်ရေးအတွက် အလေးအနက်ပြုလုပ်ဆောင်လျက်ရှိသည်။

### မျိုးစိတ်များစာရင်း ဆန်းစစ်ကောက်ယူ

ထိုသို့ဆောင်ရွက်ရာတွင် တိရစ္ဆာန်စားကျက်များ တည်ထောင်ခြင်း၊ ဆားကျင်းများပြုလုပ်ခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ တိရစ္ဆာန်သောက်ရေကန်များ ပြုပြင်ခြင်း၊ မီးတားလမ်းဖောက်လုပ်ပေးခြင်းတို့ လုပ်ဆောင်ပေးသည့်အပြင် ရွှေသမင်အပါအဝင်ငါးမျိုးစိတ်များ၊ အပင်မျိုးစိတ်နှင့် နို့တိုက်သတ္တဝါ မျိုးစိတ်များစာရင်းတို့ကို စနစ်တကျ ဆန်းစစ်ကောက်ယူခဲ့ကြသည်။

ဤဘေးမဲ့တောရှိ မြန်မာ့ရွှေသမင်သည် ဦးခေါင်းနှင့် ခန္ဓာကိုယ်အရှည် ၁၅၀ မှ ၁၈၀ စင်တီမီတာရှိပြီး အမြီးပိုင်းသည် ၂၂ စင်တီမီတာမှသည် ၂၅ စင်တီမီတာထိရှိကာ ခန္ဓာကိုယ်မှာ အဝါရောင် ရောထားသည့် နီညိုရောင်သန်းသော သတ္တဝါဖြစ်သည်။ ထူးခြားသည်မှာ ဘယ်နှင့်ညာ ချိုတက်နှစ်ခုသည် တစ်ပုံစံတည်း၊ တစ်ပြိုင်တည်း ညီညာစွာ ဆိုင်မြိုင်လျက် ဦးခေါင်းအထက်၌ တင်ထားဘိသကဲ့သို့ ခိုင်ခံ့စွာ မြင်တွေ့ရခြင်း ဖြစ်ပေသည်။

သို့ဖြစ်ပေရာ ဒေသခံပြည်သူများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ချစ်မြတ်နိုးသူများအနေဖြင့် **မြန်မာ့ရွှေသမင်တို့ ပျော်စံရာ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော** အရှည်တည်တံ့ရေး၊ ကောင်ရေလျော့ကျလာသော မြန်မာ့ရွှေသမင်ကောင်ရေနှင့် အင်တိုင်းတော ဂေဟစနစ်အနေအထားကို အချိန်မီကုစားမြှင့်တင်နိုင်ရေးအတွက် တာဝန်ရှိဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ အသိစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ကြလုပ်ဆောင်သင့်ပါကြောင်း နှိုးဆော်သမှုပြုလိုက်ရပါသည်။ ။

# ကာဗွန်ထုတ်လုပ်မှုကို ၄၅ ရာခိုင်နှုန်း လျှော့ချပေးသည့် အီးဖရီးမီးဖိုထုတ်လုပ်မှုကို မြန်မာနိုင်ငံနှင့် အိန္ဒိယ၊ ကိုရီးယားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေ

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသော ဖန်လုံအိမ်ဖြစ်စဉ်ကိုဖြစ်ပေါ်စေသည့် လေထုအတွင်း ကာဗွန်ထုတ်လုပ်မှုကို လျော့ကျစေရန် ထင်းကိုစွမ်းအင်အဖြစ် အသုံးပြုနေကြသည့် ကျေးလက်ဒေသတို့တွင် ကာဗွန်ထုတ်လုပ်မှုကို ၄၅ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သော ကျေးလက်နေပြည်သူများအတွက် အီးဖရီးမီးဖိုကို မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ ပူးပေါင်းထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

*ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ- ကနူး*

• • • • • • • • • • •

ကျေးလက်ဒေသတို့တွင် ဖိုခနောက်ဆိုင်မီးဖိုဖြင့် ထင်းကို နေ့စဉ်အသုံးပြုရာ၌ ကာဗွန်ထွက်ရှိမှုမှ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်စေရန် မြန်မာနိုင်ငံ စဉ့်အသင်းဝင်တို့က အီးဖရီးမီးဖိုကို ရန်ကုန်မြို့၊ တွံတေး၊ မန္တလေး ကျောက်မြောင်းနှင့် အင်းလေးဒေသတို့မှ ကျေးလက်နေမိသားစု ခုနစ်သန်းအတွက် ထုတ်လုပ်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်တွင် ကျေးလက်မိသားစု တစ်သန်းရှစ်သိန်း ခုနစ်သောင်းအတွက် အီးဖရီးမီးဖိုများကို အခမဲ့ ဖြန့်ဝေပေးနိုင်ခဲ့ပြီး ထုတ်လုပ်မှုစရိတ်ကို ကုလသမဂ္ဂနှင့် ချိတ်ဆက်အောင်ရွက်သည့် အိန္ဒိယနှင့် ကိုရီးယားနိုင်ငံတို့မှ ထောက်ပံ့လျက်ရှိသည်။ မြန်မာနိုင်ငံ၌ ထုတ်လုပ်သော ကာဗွန်လျော့ကျစေသည့် သက်တမ်းနှစ်နှစ်ရှိ အီးဖရီးမီးဖိုများကို ကိုရီးယားနိုင်ငံ ကလိုင်းမင့်ချိန်းအဖွဲ့က ကြီးကြပ်၍ ဝန်ကြီးဌာနနှစ်ခုနှင့် ပူးပေါင်းကာ ဖြန့်ဝေပေးလျက်ရှိပြီး ထိုသို့အီးဖရီးမီးဖို ထုတ်လုပ်မှုတွင် မြန်မာနိုင်ငံစဉ့်အသင်း၊ ဝန်ကြီးဌာနနှစ်ခုနှင့် မြန်မာနိုင်ငံ၌ ကာဗွန်လျှော့ချ ထုတ်လုပ်နိုင်မှုအတွက် ၃၀ ရာခိုင်နှုန်းတို့ကို နိုင်ငံတော်မှ ဝင်ငွေရရှိကာ အိန္ဒိယနှင့် ကိုရီးယားနိုင်ငံတို့မှ ကလိုင်းမင့်ချိန်းအဖွဲ့အနေဖြင့်လည်း ဝင်ငွေရရှိကြောင်း သိရသည်။



ကုလသမဂ္ဂက မြန်မာနိုင်ငံတွင် ကာဗွန်လျှော့ချသော မီးဖိုကို နှစ်ပေါင်း ၃၀ အသုံးပြုနိုင်ရန် ရည်မှန်းထားပြီး ထိုသို့ စဉ်ဆက်မပြတ် အသုံးပြုခြင်းဖြင့် မြန်မာ့ရာသီဥတု ပုံမှန်အခြေအနေကို ပြန်လည်ရရှိမည်ဖြစ်ရာ အဆိုပါ ပရောဂျက်ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မီးဖို၏ အရည်အသွေးကို UNFCCC က သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ထိုသို့ထုတ်လုပ်နိုင်ရန် သတ်မှတ်ပေးထားသော အဖွဲ့ပေါင်းတစ်ကမ္ဘာလုံးတွင် မြန်မာနိုင်ငံအပါအဝင် ရှစ်ဖွဲ့ရှိ၍ ထိုပရောဂျက်၌ အီးဖရီးမီးဖိုထုတ်လုပ်နိုင်ရန် မြန်မာနိုင်ငံ စဉ့်အသင်းက ၂၀၁၃ ခုနှစ်တွင် သုတေသနစမ်းသပ်မှုကို စတင်လုပ်ဆောင်ခဲ့ရာ မီးဖုတ်၍ ထုတ်လုပ်ရန်မလိုသော ထုတ်လုပ်မှုကို မြန်မာနိုင်ငံ၌ ၂၀၁၈ ခုနှစ်တွင် UNFCCC မှ ထုတ်လုပ်ခွင့်ပြုခဲ့၍ အိန္ဒိယနိုင်ငံနှင့် စတင်ပူးပေါင်း လုပ်ဆောင်ခဲ့ပြီးနောက် ကိုရီးယားနိုင်ငံနှင့် ဆက်လက်ပူးပေါင်း လုပ်ဆောင်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒအဖွဲ့ကို ဖွဲ့စည်းပြီးနောက် မီးဖိုကို တရားဝင်ထုတ်လုပ်ခွင့်ရရှိရန် နိုင်ငံတော်သို့ တင်ပြ၍ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်ရေးအတွက် အီးဖရီးမီးဖိုကို ထုတ်လုပ်ခဲ့ရာ အိုးလုပ်ငန်းလုပ်ကိုင်သော ကျေးလက်နေပြည်သူများ ဝင်ငွေမှန်ကို ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အီးဖရီးမီးဖို နှစ်သန်းခန့် ထုတ်လုပ်နိုင်မှုကြောင့် ထင်းများစွာ အသုံးပြုရာမှ အနည်းငယ်အသုံးပြုခြင်းဖြင့် မီးခိုးထွက်ရှိမှုကို လျှော့ချနိုင်ခဲ့သည့်အပြင် သစ်တောပြုန်းတီးမှုကို ထိန်းသိမ်းနိုင်ခဲ့သည်။ ကျေးလက်ဒေသတို့တွင် ကာဗွန်ထွက်ရှိမှုကို လျှော့ချနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံစဉ့်အသင်းအနေဖြင့် တစ်နှစ်လျှင် အီးဖရီးမီးဖို နှစ်သန်းထုတ်လုပ်၍ ကျေးရွာအိမ်ထောင်စု ခုနစ်သန်းထံ အခမဲ့ဖြန့်ဝေနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကာ ကာဗွန်ထုတ်လုပ်မှု ၄၅ ရာခိုင်နှုန်း လျှော့ချပေးနိုင်သည့် အီးဖရီးမီးဖိုထုတ်လုပ်မှုကို နိုင်ငံသုံးနိုင်ငံ ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ။



မန္တလေး ကျောက်မြောင်းမှ ထုတ်လုပ်သည့် မီးဖိုများအား ဖြန့်ဝေပေးရန် သင်္ဘောဖြင့် တင်ဆောင်လာစဉ်။

## (၇) ကြိမ်မြောက် World One Health Congress 2022 နှင့် တီမာဆက်ဖောင်ဒေးရှင်း ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၇**

စင်ကာပူနိုင်ငံတွင် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် (၇) ကြိမ်မြောက် World One Health Congress 2022 နှင့် တီမာဆက်ဖောင်ဒေးရှင်း ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးသို့ တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ ပါဝင်သော မြန်မာနိုင်ငံမှ ကိုယ်စားလှယ် ခြောက်ဦးအဖွဲ့သည် နိုဝင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါ (၇) ကြိမ်မြောက် World One Health Congress 2022 ညီလာခံနှင့် တီမာဆက်ဖောင်ဒေးရှင်း ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် ဆေးပညာရပ်များ ညှိနှိုင်းဆွေးနွေးကြမည့်အပြင် နိုင်ငံတကာမှ ပညာရှင်များနှင့် ဆေးရုံများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ အတွေ့အကြုံများ ဖလှယ်ရမည်ဖြစ်သဖြင့် မိမိနိုင်ငံ၏ ပြည်သူများအတွက် ကဏ္ဍစုံ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် များစွာ အထောက်အကူရနိုင်ပြီး အဆိုပါ ကဏ္ဍများ၌ ပူပေါင်းဆောင်ရွက်နေသူများကိုလည်း အတွေ့အကြုံကောင်းများကို ပြန်လည်မျှဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၇) ကြိမ်မြောက် World One Health Congress 2022 နှင့် တီမာဆက်ဖောင်ဒေးရှင်း ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးသို့ တက်ရောက်မည့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့။

# သက်ကြီးစကား အလေးထား

ဘကြီးကောင်း

မောင်မြင့်အေးရေ. . .

ဆရာကြီးသခင်ကိုယ်တော်မှိုင်းက အိုမင်းမစွမ်း ဆိုတာ အိုလာရင် မစွမ်းတော့တာလို့ ဆိုတဲ့အတိုင်း တို့လည်း အရွယ်ရလာတော့ မိသားစုအသိုက်အဝန်းနဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ တဖြည်းဖြည်း အိုပယ်ကြီးဖြစ်မှန်းမသိ ဖြစ်လာရပြီကွဲ့။

"ညဘက်အပြင်မထွက်နဲ့"၊ "ခြံတံခါးတွေ၊ အိမ်တံခါးတွေပိတ်ပြီးပြီလား"၊ "မီးခလုတ်တွေပိတ်ပြီးပြီလား"၊ "တစ်နေကုန်တစ်နေခန်း ဖုန်းပဲ ပွတ်မနေနဲ့" စတဲ့ စကားတွေကို သူတို့ နားညည်းတယ်၊ မလွတ်လပ်ဘူး၊ စိုးရိမ်စိတ်ကြီးလွန်းတယ်လို့ပဲ ယူဆကြပုံရတယ်။

ဘကြီးကောင်းတို့ကတော့ ရှေးလူကြီးမိဘတွေရဲ့ ဆိုဆုံးမမှုအောက်မှာ နေသားတကျ ကြီးပြင်းလာခဲ့တော့ နားရည်ဝပြီး အဆန်းမဟုတ်တော့ ပေမယ့် ခေတ်လူငယ်တွေအဖို့ကတော့ သူတို့ရဲ့ လွတ်လပ်မှုကို ချုပ်ချယ်တယ်လို့ ယူဆကြမှာပေါ့လေ။

ဘကြီးကောင်းတို့ ငယ်စဉ်ကဆို မိဘဆွေမျိုးမပြောနဲ့။ ရပ်ကွက်ထဲက ရပ်မိရပ်ဖ လူကြီးသူမကအစ ကြောက်ရတယ်။ ရိုသေလေးစားခဲ့ရတယ်။ ရပ်ကွက်ထဲက ကွင်းထဲမှာ ဘောလုံးကန်ရင် ဖုန်ထမှာစိုးလို့ ရေအရင်ဖျန်းပြီးမှ ကစားရတယ်။ ကလေးဘဝ ရပ်ကွက်ထဲ လောက်လေးခွ တစ်လက်နဲ့ ဟိုပစ်၊ ဒီပစ်ရင်း သူများအိမ်ခေါင်မိုးပေါ် လောက်စာလုံးကျသွားမိရင် အမြန်ဆုံးထွက်ပြေးပေရော့ပဲ။ မဟုတ်ရင်၊ အိမ်ရှင်က "ဘယ်သူ့သား၊ ဘယ်သူ့မောင်၊ ဘယ်သူ့ညီ မဟုတ်လား။ နင်တို့အိမ်လာတိုင်ဦးမယ်" ဆိုရင်ပဲ အဲဒီအိမ်နားကို တစ်ပတ်၊ ဆယ်ရက် ခြေဦးမလှည့်ဝံ့တော့ဘူး။

ရပ်ကွက်သန့်ရှင်းရေးတို့၊ ကိုယ်ထူကိုယ်ထ လမ်းခင်းတာတို့ဆိုလည်း ရပ်ကွက်ထဲက အိမ်ရှိလူကြီး၊ ကလေးမရွေး တစ်ယောက်တစ်လက်ဝိုင်းကူလုပ်အားပေးခဲ့ကြရတာပေါ့။ ပေါက်တူးမကိုင်တတ်သေးတဲ့လူငယ်တွေကို လူကြီးတွေက ဘယ်လိုကိုင်၊ ဘယ်လိုပေါက်၊ ခြေထောက်ကို ဘယ်လောက်ခွဲစတာတွေကအစ သင်ပြပေးခဲ့ကြတာပေါ့။

ဒါကြောင့်မို့လား မသိဘူး၊ ဘကြီးကောင်းတို့လည်း အရွယ်ရလာတော့ ကိုယ့်သားသမီးတွေတင်မက ရပ်ကွက်ထဲက ကလေး၊ လူငယ်တွေကအစ အမြင်မတော်တာတွေ့ရင် ပြောတယ်၊ ဆိုတယ်၊ သတိပေးတယ်။ လမ်းမပေါ်မှာ ဘေးဝဲယာမကြည့်ဘဲ ဖုန်းနဲ့ ဂိမ်းကစားလာတာတွေ့ရင် "အိမ်ရောက်မှ ကစားနော်၊ လမ်းမှာ ကားတွေနဲ့ အန္တရာယ်များတယ်"တို့၊ စက်ဘီးကို လက်နှစ်ဖက်လွှတ်ပြီး စီးတာတွေ့ရင် "ဟော့၊ ကားတွေရှုပ်နေတယ်" တို့က အစပေါ့။

တချို့ကလေးတွေ၊ လူငယ်တွေကတော့ "ဟုတ်ကဲ့" ဆိုပြီး ယဉ်ကျေးသိမ်မွေ့စွာ လေးစားနာယူလိုက်နာကြပေမယ့် အများစုကတော့ အလေးအနက်သိပ်မရှိကြတော့ဘူး။ ဒီနောက်ပိုင်းတော့ ဘကြီးကောင်းလည်း ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်လာရတော့တယ်။ အိုလာလို့ ပယ်လာတော့ အိုပယ်ကြီးလည်း တုံဏှိဘာဝေဆိတ်ဆိတ်လေးပဲနေဖြစ်တော့တယ်။

ဒါတောင် တစ်နေ့က ဘတ်စ်ကားစီးရင်း ကလေးမလေးတစ်ယောက် ကားပေါ်အတက်မှာ တန်းကိုမကိုင်ဘဲ အပေါက်ဝမှာ ဖုန်းပြောလက်စမပြတ် ရပ်နေလို့ ကားထွက်စမှာ စိုးရိမ်စိတ်နဲ့ "ဖုန်းကအရေးကြီးသလား၊ ပြုတ်ကျမယ်" လို့ ပြောဖြစ်အောင် ပြောလိုက်မိသေးတယ်။ ကလေးမလေးကတော့ ခရီးတစ်ဝက်ကျိုးသည်အထိ ဖုန်းပြောမပျက်ပါဘဲ။

**ငါးရာ့ငါးဆယ်ထဲက နိပါတ်တိလမုဋ္ဌိဇာတ်မှာဆိုရင်လည်း ဒီသာပါမောက္ခဆရာကြီးထံမှာ ပညာသင်ကြားနေတဲ့ ဗာရာဏသီမင်းရဲ့သားတော်တစ်ပါးဟာ ရွာထဲမှာပိုင်ရှင်တစ်ဦး နေပူလှန်းထားတဲ့ နှမ်းကို နေ့တိုင်း အခမဲ့ယူစားသတဲ့။ ပိုင်ရှင်က သည်းမခံနိုင်တဲ့အဆုံး ဆရာကြီးထံလာတိုင်တော့ ဆရာက တပည့်ကိုရိုက်ပြီး ဆုံးမတယ်။ ဒါကိုတပည့်က အခဲမကျေဘဲ ရှင်ဘုရင်ဖြစ်တဲ့အခါမှာ ဆရာကြီးကို ပူဇော်ချင်လို့ပါလို့ လိမ်ခေါ်ပြီး ပြစ်ဒဏ်မပေးမီ သူ့ကိုလူပုံအလယ်မှာ ရိုက်တာ သတိရသေးလားလို့မေးတယ်**

ရပ်ကွက်ထဲရောက်ပြန်တော့လည်း ကလေးအုပ်ထဲက ကလေးနှစ်ယောက်။ တစ်ယောက်နဲ့တစ်ယောက် တွန်းတိုးပြီး ရန်ဖြစ်နေလို့ လှမ်းအော်ပြီး ဟန့်မိသေးတယ်။ ဒီအခါမှာတော့ "သွားမတားနဲ့၊ အဲဒီကောင်လေးတွေက ရိုင်းတယ်" ဆိုပြီး အတူပါလာတဲ့ မိတ်ဆွေက ဘကြီးကောင်းကို ထပ်ဆင့်တားပြန်တော့တယ်။

မောင်မြင့်အေးရေ . . .

ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ဘကြီးကောင်း အပြန်ပြန်အလှန်လှန်စဉ်းစားနေမိတယ်။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ ဘကြီးကောင်းတို့လို လူကြီးမိဘတွေရဲ့ အခန်းကဏ္ဍက တကယ်ပဲ အိုပယ်ဖြစ်လာခဲ့ပြီလား။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ သက်ကြီးစကား သက်ငယ်ကြားဆိုတဲ့ အစဉ်အလာတွေ ပျောက်ကွယ်သွားပြီလား။

ရှေးဘိုးဘွားဘီဘင်တွေ လက်ထက်က နောင်လာနောက်သားတွေကို လက်ဆင့်ကမ်းလာခဲ့တဲ့ ပတ္တမြားထိပ်တင် ထမင်းစားပါ (ဘာဟင်းနဲ့ စားရစားရမြိန်နိုင်မယ့် နေမွန်းတည့် ထမင်းအလွန်ဆာတဲ့အချိန်မှ ထမင်းစားပါ) တို့၊ အိမ်နောက်ဖေးမှာ ဈေးဆိုင်တည်ပါ (ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်ပင်များကို စိုက်ပျိုးပါ) တို့၊ ခေါင်းတစ်ရာသားကို စားပါ (အကုန်အကျသက်သာမည့် ငါးသေးသေးငယ်ငယ်လေးတွေ စားပါ) တို့၊ ဦးခေါင်းသုံးလုံးရှိသူကို ဆည်းကပ်ပါ (အတွေ့အကြုံ၊ ပညာရင့်သန်သည့် သက်ကြီးရွယ်အိုများထံမှ ဩဝါဒခံပါ ) တို့ စတဲ့အဓိပ္ပာယ်နက်ရှိုင်းတဲ့ သက်ကြီးစကား သက်ငယ်ကြား စကားတွေဟာလည်း လွတ်လပ်ခွင့်ကိုရှေ့တန်းတင်တဲ့ Liberalism ဒီမိုကရေစီခေတ်မှာ ရယ်စရာဟာသတွေ ဖြစ်ကုန်ပြီလားလို့လည်း မေးခွန်းထုတ်မိတယ်။

အဲဒီလိုဖြစ်လာခဲ့ပြီဆိုရင်တော့ မောင်မြင့်အေးတို့လို လူငယ်တွေကို ဘကြီးကောင်း ဇာတ်လမ်းလေးတစ်ပုဒ်ပြောပြမယ်။ စာကြီးပေကြီးထဲက မဟုတ်ပါဘူး။ တစ်ခေတ်တစ်ခါက ရွှေသွေးဂျာနယ်ထဲက အခန်းဆက်ရုပ်ပြဇာတ်လမ်းလေးပါ။ ကလေးတွေ အတွက်သာမက လူကြီးတွေအတွက်ရော လူ့လောကအတွက်ပါ မှတ်သားစရာကောင်းလို့ မှတ်မိနေတယ်။

ရှေးတုန်းက အလှအပအသစ်အဆန်းကို မြတ်နိုးတဲ့ ဘုရင်လေးတစ်ပါးဟာ အလွန်လှပတဲ့ တိုင်းသစ်ပြည်သစ်တစ်ခုတည်ထောင်ဖို့ နယ်မြေသစ်ရှာဖွေခဲ့တယ်။ ခရီးထွက်တဲ့အခါမှာ သက်ကြီးရွယ်အိုတွေပါလာရင် လမ်းခရီးမှာ ဘာမှသုံးစားလို့မရဘဲ ခရီးဖင့်မယ်ဆိုပြီး ခေါ်မလာဖို့ အမိန့်ထုတ်တယ်။

ဖခင်အိုကြီးနဲ့အတူ နေထိုင်နေတဲ့ လူငယ်လေးတစ်ဦးကတော့ သူ့ဖခင်အိုကြီးကို လူမသိအောင် ဖွက်ပြီး ခေါ်လာခဲ့တယ်။ လမ်းခရီးမှာ သောက်သုံးရေကအစ အခက်အခဲမျိုးစုံ တွေ့လာတဲ့အခါမှာ လူငယ်လေးဟာ သူ့ဖခင်အိုကြီးကို တီးတိုးမေးမြန်းပြီး အခက်အခဲ ပေါင်းစုံကို ကျော်လွှားဖြေရှင်းပေးနိုင်ခဲ့တယ်။

ဘုရင်လေးဟာ ထိုလူငယ်လေးကို သတိပြုမိပြီး အကြောင်းစုံကို မေးမြန်းစုံစမ်းတော့ နောက်ဆုံးမှာ ဖခင်အိုကြီးကို ဖွက်ပြီးခေါ်လာခဲ့တာ သိသွားတယ်။ အပြစ်ဒဏ်ပေးမယ်လုပ်တဲ့အခါမှာ ဖခင်အိုကြီးက သူ့သားက သူ့ကိုခေါ်ခဲ့လို့ အခက်အခဲတွေကို ကျော်ဖြတ်နိုင်ခဲ့တာဆိုပြီး တင်လျှောက်မှ ဘုရင်လေးဟာ "အသက်ကြီးလေလေ၊ အတွေ့အကြုံများလေလေ။ အတွေ့အကြုံများလေလေ၊ ဉာဏ်အမြော်အမြင်ကြီးလေလေ"ဆိုတဲ့ အသိတရား ရသွားခဲ့တယ်ကွဲ့။

မင်္ဂလသုတ်မှာလည်း "သောဝစဿတ၊ သူတော်ကောင်းတို့က အကျိုးလိုလားတဲ့ ဆိုဆုံးမမှုစကားကို နာယူလွယ်ခြင်းက မြတ်သောမင်္ဂလာဖြစ်တယ်"တို့၊ မေတ္တာသုတ်မှာလည်း ပညာရှိတို့ ဆိုဆုံးမလွယ်သူ ဖြစ်ရာ၏လို့ မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့တယ်ကွဲ့။

ငါးရာ့ငါးဆယ်ထဲက နိပါတ်တိလမုဋ္ဌိဇာတ်မှာ ဆိုရင်လည်း ဒီသာပါမောက္ခဆရာကြီးထံမှာ ပညာသင်ကြားနေတဲ့ ဗာရာဏသီမင်းရဲ့သားတော် တစ်ပါးဟာ ရွာထဲမှာပိုင်ရှင်တစ်ဦး နေပူလှန်းထားတဲ့နှမ်းကို နေ့တိုင်း အခမဲ့ယူစားသတဲ့။ ပိုင်ရှင်က သည်းမခံနိုင်တဲ့အဆုံး ဆရာကြီးထံလာတိုင်တော့ ဆရာက တပည့်ကိုရိုက်ပြီး ဆုံးမတယ်။ ဒါကို တပည့်က အခဲမကျေဘဲ ရှင်ဘုရင်ဖြစ်တဲ့အခါမှာ ဆရာကြီးကို ပူဇော်ချင်လို့ပါလို့ လိမ်ခေါ်ပြီး ပြစ်ဒဏ်မပေးမီ သူ့ကိုလူပုံအလယ်မှာရိုက်တာ သတိရသေးလားလို့မေးတယ်။ ဆရာကြီးက သူဒီလိုဆုံးမခဲ့လို့ ဘုရင်ဖြစ်ခဲ့တာ၊ မဆုံးမခဲ့ရင် သူခိုးလေးက သူခိုးကြီးဖြစ်ပြီး ထီးနန်းတောင်စံရမှာ မဟုတ်ဘူးလို့ ပြန်ပြောတော့မှ ဆရာ့ကျေးဇူးကို ဆင်ခြင်မိပြီး တကယ်ပူဇော်ဖြစ်တော့သတဲ့။

မောင်မြင့်အေးရေ . . .

တကယ်တော့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှ မဟုတ်ပါဘူး၊ လူ့ဘောင်လောကကြီး တစ်ခုလုံးဟာ ပညာရှိသူတော်ကောင်းများရဲ့ ဆုံးမဩဝါဒတွေ၊ လောကရဲ့အနိမ့်အမြင့် အခက်အခဲပေါင်းစုံကိုကြုံခဲ့၊ ဆုံခဲ့ပြီး အတွေ့အကြုံများစွာ၊ ဗဟုသုတဉာဏ်အမြော်အမြင်များစွာရှိခဲ့တဲ့ လူကြီးမိဘတွေရဲ့ လမ်းညွှန်မှုတွေ၊ သွန်သင်ဆုံးမမှုတွေဟာ လိုအပ်နေမှာပါပဲ။

မြတ်စွာဘုရားရှင်ဟာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး သတ္တဋ္ဌာန ခုနစ်ဌာနမှာ ၄၉ ရက်တာ ဖလသမာပတ်ချမ်းသာကိုခံစားပြီးနောက် အဇပါလညောင်ပင်ရင်းအောက် ထိုင်တော်မူစဉ် တရားတော်ရဲ့လေးနက်မှု၊ နက်နဲသိမ်မွေ့မှုနဲ့ ကာမဂုဏ်အာရုံတွေထဲမှာ နစ်မွန်းနေကြတဲ့ သတ္တဝါအများစုရဲ့စရိုက်လက္ခဏာအခြေအနေတို့အပေါ် နှိုင်းယှဉ်ဆင်ခြင်ရင်း တရားမဟောလိုတဲ့ စိတ်အကြံဖြစ်ပေါ်ခိုက်မှာ သဟမ္ပတိဗြဟ္မာမင်းက "နဿတိ ဝတဘောလောကော (အိုအချင်းတို့ - လောကကြီး ပျက်စီးလတ္တံ့၊ ပျက်စီးတော့မည်) " လို့ စိုးရိမ်တကြီး ညည်းတွားပြီး သတ္တဝါတွေကို တရားဟောဖော်ညွှန်းပြ ဆိုဆုံးမဖို့ တောင်းပန်လျှောက်ထားခဲ့ရပါတယ်။

◆ **မျက်မှောက်ကာလမှာလည်း မြတ်ဗုဒ္ဓရဲ့ သားတပည့် ရဟန်းသံဃာတော် အရှင်သူမြတ်တွေ၊ ပညာရှိသူတော်ကောင်းတွေ နှုတ်ဆိတ်တော့မယ်ဆိုရင် လောကမှာ သူတော်ကောင်းတရားတွေ ဆုတ်ယုတ်ပြီး လောကကြီးဟာ ပျက်စီးသွားပါလိမ့်မယ်။ ထို့အတူပါပဲ။ ဗဟုသုတ အကြားအမြင်ကြီးမားတဲ့၊ ဉာဏ်အမြော်အမြင်ကြီးမားတဲ့ လူကြီးမိဘတွေ လျစ်လျူရှု မျက်နှာလွှဲလာတော့မယ်ဆိုရင်လည်း မြန်မာ့လူ့ဘောင်မှာ အစဉ်တစိုက် လိုက်နာကျင့်သုံးလာခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်တွေ တစ်စတစ်စ ပျောက်ကွယ်သွားပါလိမ့်မယ်**

မျက်မှောက်ကာလမှာလည်း မြတ်ဗုဒ္ဓရဲ့ သားတပည့် ရဟန်းသံဃာတော်အရှင်သူမြတ်တွေ၊ ပညာရှိသူတော်ကောင်းတွေ နှုတ်ဆိတ်တော့မယ်ဆိုရင် လောကမှာ သူတော်ကောင်းတရားတွေ ဆုတ်ယုတ်ပြီး လောကကြီးဟာ ပျက်စီးသွားပါလိမ့်မယ်။

ထို့အတူပါပဲ။ ဗဟုသုတ အကြားအမြင်ကြီးမားတဲ့၊ ဉာဏ်အမြော်အမြင်ကြီးမားတဲ့ လူကြီး မိဘတွေ လျစ်လျူရှု မျက်နှာလွှဲလာတော့မယ်ဆိုရင်လည်း မြန်မာ့လူ့ဘောင်မှာ အစဉ်တစိုက်လိုက်နာကျင့်သုံးလာခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်တွေ တစ်စတစ်စ ပျောက်ကွယ်သွားပါလိမ့်မယ်။

ဒါကြောင့်မို့ လူငယ်၊ လူရွယ်များအနေနဲ့ ကိုယ့်ထက်အတွေ့အကြုံ၊ ဗဟုသုတ၊ အကြားအမြင်ကြီးမားတဲ့ လူကြီးမိဘများရဲ့ သက်ကြီးစကား သက်ငယ်ကြားတဲ့အခါမှာ အလေးထား နာယူနှလုံးသွင်းကြဖို့ လိုအပ်ပါတယ်။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၁-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** "တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ပရိတ်တရားတော်" (မေတ္တသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** "ဒီမိုကရေစီဆိုသည်မှာ"
**၀၉:၃၀** "စုပေါင်းလို့ဆင်ကာနွဲ တန်ဆောင်တိုင်ကထိန်ပွဲ"
**၀၉:၄၀** "Sports Diary"
**၁၀:၀၀** သတင်းထဲကသတင်း
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး" (အပိုင်း-၉)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွှင့်ပျံ့အမုန်း" (အပိုင်း-၂၇)
**၁၅:၀၀** မျိုးဗုဏ်တင့်စေ ဆိုကရေးတီးအမွေ
**၁၆:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း "သံစဉ်အလှသီအနုပညာတက္ကသိုလ်ဆီ"
**၁၆:၄၅** ဝုဏ်ယူဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ
**၁၇:၁၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၇:၃၀** "အာဒါရိုးရာလေ့လာမည်ဟော့ဟုန်းကျေးရွာ" (CBT)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွှင့်ပျံ့အမုန်း" (အပိုင်း-၃၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ "အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်" (အပိုင်း-၂)

**mitv**

**07:02** Evergreen Classic: Dhamma Set Taw (Sein Lei Lei)
**07:08** Patchwork Bags
**07:21** Sarus Crane in Myanmar
**07:32** Don Min Artist
**07:51** Myanmar Masterclass: Impressionism
**08:01** News
**08:27** Asia Updates: My New Year (P-2)
**09:01** Natural Mineral Water
**09:17** Kayah Traditional Dance
**09:30** Let's Taste Delicious Insects: Spicy Sour Acacia Leaf and Sago Worm Curry and Cricket and Tamarind Paste Curry
**09:52** Ecstasy of Life
**10:01** News

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သမီးလက်ရာ ငါးအချဉ်ဟင်း
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချောင်းသွားငါးဖမ်းခြင်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ရာသီအလိုက် မွန်ရိုးရာပွဲတော်များ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ခေတ်သစ်ရှမ်း၊ တိုင်းလုံ၊ ပောရှမ်း၊ ဝုံရှမ်း၊ တိုင်းနေတို့၏ ဝတ်စားဆင်ယင်မှုများ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ကျိုင်းတုံရေတံခွန်သို့ အလည်တစ်ခေါက်
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
မြင်တွေ့စေချင် ကယားတို့ဌာနေ (ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ရွာ)
**ဝကကကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
စီးပွားဖြစ်တဲ့ ပီလောပီနံ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၈:၄၅** "Economic Review" (Part-6)
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၄:၀၀** MRTV Navtional News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "လောဘနဲ့ဒေါသ"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၅
**၁၁:၀၀** ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ (အပိုင်း-၂)
**၁၁:၃၀** "အတွေးအမြင်" အပိုင်း-၅

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၅၀** ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
**၀၇:၁၅** "တောင်သူ့ဘဝ သုတကဏ္ဍ"
**၀၇:၃၅** အသားတိုးကြက်မွေးမြူရေးမှသည် ကျေးလက်ပြည်သူများ ဝင်ငွေတိုးပွားရေးဆီသို့
**၀၈:၀၂** ဆန်ရည်ဆန်သွေးအကြောင်းသိကောင်းစရာ
**၀၈:၅၀** "ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ ပဲမုန့်မျိုးစုံစားသုံးကြပါစို့"
**၀၉:၂၀** ငွေနှင်းမှို

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝနေ့ တနင်္ဂနွေ မှအစ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# သမိုင်းဝင်ဆံတော်ရှင် ကျိုက်သီရိဓမ္မသိုက်စေတီတော်၌ ဘုရားဖူးလာပြည်သူများအား စတုဒိသာကျွေးမွေး

**အင်းတကော် နိုဝင်ဘာ ၇**



ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့အနီး လွန်ခဲ့သောနှစ်ပေါင်းများစွာက နာရဒ ရသေ့ တည်ထားကိုးကွယ်ခဲ့သည့် ဆံတော်ရှင် ကျိုက်သီရိ ဓမ္မသိုက်စေတီတော်ကြီးတွင် တန်ဆောင်မုန်းလပြည့်နေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ တန်ဆောင်တိုင် အလှူပွဲအဖြစ် ဘုရားဖူးလာ ပြည်သူများကို အလှူရှင်များက ထမင်း၊ ဟင်းနှင့် အချိုရည် စတုဒိသာ လှူဒါန်းပွဲ ကျင်းပသည်။**(အပေါ်ယာပုံ)**

စေတီတော် တည်ရှိနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ကြောင်း၊ ယခင်က ဘုရားငုတ်တိုကြီးအဖြစ်သာ တွေ့မြင်ခဲ့ရကြောင်း၊ ခေတ်အဆက်ဆက် ဆရာတော်၊ သံဃာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် ဒေသခံကျေးရွာများရှိ ပြည်သူများ၏ လှူဒါန်း၊ ကူညီတည်ဆောက်ခဲ့ခြင်းတို့ကြောင့် ယခုအခါ အရံစေတီတော် အဆူ ၈၀ နှင့် ဉာဏ်တော် ၁၃၅ တောင် ၂၂၅ ပေရှိသော ရွှေတိဂုံစေတီ ပုံသဏ္ဌာန် အဆင်းရှိသည့် စေတီတော်ကြီး အဖြစ် ကြည်နူးစွာပြန်လည် ဖူးမြော်နေရပြီဖြစ်ကြောင်း၊ စေတီတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလျား ပေ ၁၂၀၊ အနံ ပေ ၆၀ ရှိသော ဓမ္မာရုံ အသစ်တည်ဆောက်ရန် ဆောင်ရွက်နေကြောင်း၊ ဘုရားပွဲတော်ရက်မှာ နှစ်စဉ်တပို့တွဲလပြည့်နေ့ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဦးက ပြောသည်။

ကျိုက်သီရိ ဓမ္မသိုက်စေတီတော်သမိုင်းတွင် ထူးခြားချက်များစွာရှိပြီး ဒေသခံပြည်သူများ၏ ကိုးကွယ်ယုံကြည်မှုအရ နတ်ကိုးကွယ်သည့် ဓလေ့ရှိခဲ့သောကြောင့် ယခုနှစ်တွင် ရိုးရာနတ်နန်းတစ်ခု တည်ဆောက် ပေးထားကြောင်း၊ လပြည့်နေ့များသို့ ရောက်တိုင်း ထမင်း၊ ဟင်း၊ အချိုရည်၊ မုန့်အစရှိသည့် စတုဒိသာများကို ဘုရားဖူးလာ ပြည်သူများအား ဧည့်ခံကျွေးမွေးနေကြောင်း သိရသည်။

ခွန်(ဝင်းပ)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၁၁ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၁၉၃၀၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၁၉၃၆၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၃၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၄၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၇၀ ကျပ် | ၂၆၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၄၅ ကျပ် | ၂၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၄၀ ကျပ် | ၂၀၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၃၅ ကျပ် | ၂၁၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၅ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၈၄ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၉၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၁ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၂ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၉ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၆၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၂၀၀ | ၃ | ၂၇၆၀၀ |
| MTSH | ၃၃၀၀ | ၃၄၀၀ | ၃၃၆ | ၁၁၀၉၉၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၅၃ | ၄၀၈၁၀၀ |
| FPB | ၁၉၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၀ | ၈၂၅၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၅၁ | ၆၇၇၇၀၀ |
| AHP | ၅၁၀၀ | ၄၉၀၀ | ၂၁ | ၁၀၄၉၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရာသီဥတုဆိုင်ရာတရားမျှတမှု( Climate Justice) ဆိုသည်

**ကမ္ဘာကြီးတွင် လူဦးရေထူထပ်များပြားလာခြင်းကြောင့် စားနပ်ရိက္ခာများနှင့် အိမ်သုံးကုန်၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုမြင့်မားလာခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများအတွက် သဘာဝအရင်းအမြစ်၊ သယံဇာတများကို အလွန်အကျူး ထုတ်ယူသုံးစွဲကြခြင်း၊ စက်မှုနည်းပညာများ တိုးတက်လာသည့်အလျောက် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြခြင်း၊ နည်းပညာများ တီထွင်ပြီး အပြိုင်အဆိုင် အသုံးပြုမှုများ များလာခြင်းနှင့် နည်းပညာများဖြင့် ထုတ်လုပ်သည့် ပစ္စည်းများကြောင့် ကမ္ဘာ့အိုဇုန်းလွှာများ ပါးလွှာပျက်စီးလာခြင်းစသည့် အချက်အလက်တို့သည် ရာသီဥတုပြောင်းလဲလာခြင်း၏ အကြောင်းအရင်းများထဲမှ အချက်တချို့ဖြစ်ပါသည်။**

***ဒေါက်တာခိုင်ခိုင်ဝင်း***

ရာသီဥတုပြောင်းလဲလာနေပြီး လူသားများ နေထိုင်ရာ ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲမှုကို ခံစားအသိအမှတ်ပြုကြောင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ရှိလာနေပြီဖြစ်ကြောင်းကို ၁၉၇၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် Stockholm Declaration၊ ၁၉၉၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် Rio Declaration တို့ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်မည်ဖြစ်ပါသည်။



ပါကစ္စတန်ရေကြီးမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းကြသူများကို တွေ့ရစဉ်။ (၂၀၂၂ ခုနှစ်အတွင်း ရေကြီးမှုကြောင့် လူပေါင်း ၁၅၀၀ နီးပါးသေဆုံးခဲ့ပြီး လူပေါင်း သန်း ၃၀ နီးပါး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။)

### အပူချိန်တိုးလာနိုင်

ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (United Nations Environment Program–UNEP) ၂၀၁၉ အစီရင်ခံစာအရ ၂၀၅၀ ပြည့်နှစ်၌ ကမ္ဘာ့လူဦးရေမှာ ၁၀ ဘီလီယံအထိ တိုးပွားလာနိုင်သည့်အတွက် စားနပ်ရိက္ခာလိုအပ်မှုမှာ လက်ရှိထက် ၅၀ ရာခိုင်နှုန်းပိုလာနိုင်ခြင်း၊ ကမ္ဘာ့အပူချိန် တိုးတက်မှုမှာလည်း ၂၀၅၀ ပြည့်နှစ်တွင် ၁ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် ပျမ်းမျှအပူချိန်တိုးလာနိုင်သည့်အတွက် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ပိုမိုခံစားရနိုင်ခြင်း ဖြစ်လာနိုင်သည်ဟု သိရှိရပါသည်။ အဆိုပါ အစီရင်ခံစာအရ ယနေ့အချိန် ကမ္ဘာ့လူဦးရေ ၁ ဒသမ ၂ ဘီလီယံမှာ လျှပ်စစ်မီးသုံးစွဲနိုင်မှုမရှိဘဲ လူဦးရေ ၂ ဒသမ ၇ ဘီလီယံသည် ထင်းလောင်စာများကို သုံးစွဲနေရသည်လည်းဖြစ်ပြီး ကမ္ဘာပေါ်ရှိဆင်းရဲသော လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ အသက်ရှင်ရပ်တည်ရန် သယံဇာတများအပေါ်တွင် အလွန်အမင်းမှီတည်လျက်ရာ ရာသီဥတုပြောင်းလဲမှုကို အလျင်အမြန် မတားဆီးမကာကွယ်နိုင်ပါက ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ်များကြောင့် သဘာဝသယံဇာတအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုများ၊ လူသားများ၏ လူမှုစီးပွားထိခိုက်ဆုံးရှုံးမှုများကို ကမ္ဘာကြီးပေါ်ရှိလူသားများ ပိုမို ကြုံတွေ့ခံစားကြရမည်ဖြစ်ပါသည်။ ယနေ့ချိန်ခါတွင်ပင် Extreme weather is a new normal ဟု ဆိုရလောက်အောင် ကမ္ဘာ့ကြီးပေါ်တွင် ရာသီဥတုဆိုးရွားဖောက်ပြန်မှုများ ကြုံတွေ့ရမှုသည် ပုံမှန်ပုံစံအသစ်ဟုပင် လက်ခံရမလိုဖြစ်နေပြီဖြစ်ပါသည်။

### ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ဖြစ်သော သဘာဝဘေးအန္တရာယ်များကို ကမ္ဘာကြီးပေါ်ရှိ လူသားများ ထိခိုက်ခံစားကြရာတွင် အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ကျွန်းနိုင်ငံငယ်လေးများက ပိုမိုထိခိုက်ခံစားကြရပြီး အဆိုပါနိုင်ငံများတွင် နေထိုင်ကြသူ ထိရှလွယ်အုပ်စုတွင် ပါဝင်သူများဖြစ်သည့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းများနှင့် အသက်အရွယ်ကြီးရင့်သူများသည် ပိုမိုထိခိုက်နစ်နာကြရသည်လည်း ဖြစ်ပါသည်။ လူမှုစီးပွားထိခိုက်ဆုံးရှုံးရပြီး နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်သည်အထိ နစ်နာဆုံးရှုံးကြရသည်လည်းဖြစ်ပါသည်။

### အိုဇုန်းလွှာပျက်စီးမှုဖြစ်

မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု မြင့်မားလာခြင်းကြောင့် အိုဇုန်းလွှာပျက်စီးမှုဖြစ်ပေါ်ရပြီး ယင်းအတွက်ကြောင့်ပင် ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ယင်းနှင့်ဆက်စပ်၍ ရာသီဥတုပြောင်းခြင်းများဖြစ်ပေါ်ရသည်ဟု လက်ခံထားကြသည်ဖြစ်ရာ မှန်လုံငွေ့ဓာတ်ငွေ့ထုတ်လွှတ်မှု မြင့်မားလေလေ ကမ္ဘာကြီးနှင့် ကမ္ဘာကြီးပေါ်ရှိ သက်ရှိမျိုးစိတ်များ၏ ရှင်သန်တည်မြဲနိုင်မှုကို ခြိမ်းခြောက်လေလေဖြစ်ပါသည်။ သည့်အတွက်ကြောင့်ပင် ၂၀၁၅ ခုနှစ်တွင် ရာသီဥတုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘောတူညီချက် (Paris Agreement) သည် ထွက်ပေါ်လာရပြီး ကမ္ဘာ့နိုင်ငံအားလုံးက တညီတညွတ်တည်း၊ တစ်စိတ်တစ်ဝမ်းတည်း ဖြင့် ရာသီဥတုပြောင်းလဲခြင်း ဖြစ်ပေါ်စေသည့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပြီး ကမ္ဘာကြီးကို ကယ်တင်ရန် ဘုံသဘောတူညီချက် ထွက်ပေါ်လာရသည်လည်းဖြစ်ပါသည်။

ကမ္ဘာကြီးပေါ်တွင် နိုင်ငံကြီး၊ နိုင်ငံငယ်၊ စက်မှုနည်းပညာထွန်းကားသည့်နိုင်ငံ၊ စက်မှုနည်းပညာ မထွန်းကားသည့်နိုင်ငံ၊ ဖွံ့ဖြိုးချမ်းသာသည့်နိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဖွံ့ဖြိုးမှု နောက်ကျသည့်နိုင်ငံ၊ ကျွန်းနိုင်ငံ၊ ကုန်းတွင်းပိတ်နိုင်ငံ စသည်ဖြင့် နိုင်ငံများသည် မတူကွဲပြား အခြေအနေအမျိုးမျိုး ရှိကြပါသည်။ စက်မှုနည်းပညာထွန်းကားသည့် နိုင်ငံများ၊ ချမ်းသာသည့်နိုင်ငံကြီးများအနေဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုပြုလုပ်ကြသည်လည်းဖြစ်ရာ ကမ္ဘာ့လူဦးရေများ၏ အချမ်းသာဆုံး တစ်ရာခိုင်နှုန်းသည် အဆင်းရဲဆုံးလူဦးရေ ၅၀ ရာခိုင်နှုန်းထက် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုပိုများပါသည်ဟု UN Climate Action က ဆိုထားပါသည်။ သို့ရာတွင် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက် ဆိုးကျိုးများကိုမူ ဆင်းရဲသည့်၊ ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများရှိ လူများက ချမ်းသာသည့် နိုင်ငံများရှိ လူများထက် ပိုမိုထိခိုက်ဆုံးရှုံးရသည်ဖြစ်ရာ ယနေ့ အချိန်အခါတွင် ရာသီဥတုဆိုင်ရာ တရားမျှတမှု ( Climate Justice) ဆိုသည့်စကားရပ် ပြောဆိုလာကြပြီဖြစ်ပါသည်။

### ရာသီဥတုဆိုင်ရာ တရားမျှတမှု

ရာသီဥတုဆိုင်ရာ တရားမျှတမှုဆိုသည်မှာ ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသည့် မှန်လုံအိမ်ဓာတ်ငွေ့ ပိုမိုထုတ်လွှတ်ခဲ့ကြပြီး ချမ်းသာကြွယ်ဝလျက်ရှိသည့် နိုင်ငံကြီးများအနေဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို အနည်းဆုံးနှင့် အမြန်ဆုံး လျှော့ချရန် အမှန်တကယ် လိုအပ်သလို မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု နည်းပါးခဲ့သော်လည်း ပါရီသဘောတူညီချက်ပါအတိုင်း အများနည်းတူ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန်နှင့် ရာသီဥတုပြောင်းလဲခြင်းအတွက် ကာကွယ်တားဆီးရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံငယ်များအပေါ် လိုအပ်သည့် နည်းပညာ၊ ငွေကြေးအကူအညီ အထောက်အပံ့များပေးရန်လည်း ဖြစ်ပါသည်။

မှန်လုံအိမ်ဓာတ်ငွေ့ ပိုမိုထုတ်လွှတ်ခဲ့ကြပြီး ချမ်းသာကြွယ်ဝလျက်ရှိသည့် နိုင်ငံကြီးများအနေဖြင့် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ဖြစ်သော သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုမှာ နည်းပါးသော်လည်း မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု နည်းပါးခဲ့သည့် နိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးမှု နောက်ကျသောနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများကမူ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုကို ပိုမိုခံစားကြရပြီး ယင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား အနှောင့်အယှက်ဖြစ်စေသည်လည်းဖြစ်ရာ ရာသီဥတုဆိုင်ရာ တရားမျှတမှုဆိုသည်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြောဆိုလာနေပြီလည်း ဖြစ်ပါသည်။

ရာသီဥတုဆိုင်ရာ တရားမျှတမှုနှင့် တာဝန်ရှိမှုဆိုရာတွင် တူညီသည့် မုန်တိုင်းအောက်ရောက်နေသည့်တိုင် မတူညီသည့် လှေများနှင့်အတူ Same storm, different boat ပုံစံ ဖြစ်နေသည်ဟု ဆိုကြပြီး ရာသီဥတုပြောင်းလဲခြင်းကို အတူတကွ လက်တွဲဟန့်တားကာကွယ်ရန် ဖြစ်သော်လည်း မှန်လုံအိမ်ဓာတ်ငွေ့ ပိုမိုထုတ်လွှတ်ခဲ့ကြပြီး ချမ်းသာကြွယ်ဝလျက်ရှိသည့် နိုင်ငံကြီးများက ပိုမိုတာဝန်ယူဆောင်ရွက်သင့်သည်၊ ဆောင်ရွက်ရမည်ဟု ပြောဆိုလာနေကြပြီဖြစ်ပါသည်။

### ဟန့်တားကာကွယ်

အချုပ်ဆိုရသော် ရာသီဥတုပြောင်းလဲခြင်းကို ဟန့်တားကာကွယ်ရေးအတွက် နိုင်ငံတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်းက ဆောင်ရွက်၍ အောင်မြင်နိုင်မည်မဟုတ်ဘဲ နိုင်ငံအားလုံး၊ အဖွဲ့အစည်းများ၊ ပြည်သူများ၊ လက်တွဲညီညီ၊ ဟန်ချက်ညီညီ ဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲခြင်းကို ဟန့်တားကာကွယ်နိုင်ခဲ့မည်ဆိုပါက နောင်အနာဂတ်မျိုးဆက်သစ် လူသားများသည် သဘာဝဘေးအန္တရာယ်များ လျော့နည်းပြီး အေးချမ်းသာယာစိမ်းစိုသည့် သဘာဝပတ်ဝန်းကျင်နှင့် သာယာလှပသည့် ကမ္ဘာကြီးကို ပိုင်ဆိုင်နိုင်ကြမည်လည်းဖြစ်ပါသည်။ နိုင်ငံအားလုံး ရာသီဥတုပြုပြင်ပြောင်းလဲခြင်းနှင့် မှန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ငွေကြေးအားဖြင့်လည်းကောင်း၊ နည်းပညာအားဖြင့်လည်းကောင်း သာလွန်ကောင်းမွန်ပြီး ချမ်းသာကြွယ်ဝသည့် နိုင်ငံကြီးများက ယင်းတို့ထက် နိမ့်ပါးသည့် (Vulnerable Countries) နိုင်ငံငယ်များက လိုအပ်နေသည့် အကူအညီများကို ကူညီပံ့ပိုးပေးခြင်းဖြင့် ရာသီဥတုဆိုင်ရာ တရားမျှတမှုဖြစ်စေရေး ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။ ။

- ❖ **ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ဖြစ်သော သဘာဝဘေးအန္တရာယ်များကို ကမ္ဘာကြီးပေါ်ရှိ လူသားများ ထိခိုက်ခံစားကြရာတွင် အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ကျွန်းနိုင်ငံငယ်လေးများက ပိုမိုထိခိုက်ခံစားကြရပြီး အဆိုပါနိုင်ငံများတွင် နေထိုင်ကြသူ ထိရှလွယ်အုပ်စုတွင် ပါဝင်သူများဖြစ်သည့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းများနှင့် အသက်အရွယ်ကြီးရင့်သူများသည် ပိုမိုထိခိုက်နစ်နာကြရ**
- ❖ **နိုင်ငံအားလုံး ရာသီဥတုပြုပြင်ပြောင်းလဲခြင်းနှင့် မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ငွေကြေးအားဖြင့်လည်းကောင်း၊ နည်းပညာအားဖြင့်လည်းကောင်း သာလွန်ကောင်းမွန်ပြီး ချမ်းသာကြွယ်ဝသည့် နိုင်ငံကြီးများက ယင်းတို့ထက် နိမ့်ပါးသည့် (Vulnerable Countries) နိုင်ငံငယ်များက လိုအပ်နေသည့် အကူအညီများကို ကူညီပံ့ပိုးပေးခြင်းဖြင့် ရာသီဥတုဆိုင်ရာတရားမျှတမှုဖြစ်စေရေး ဆောင်ရွက်နိုင်ကြပါစေ**

## လပြည့်ည လတန်ဆောင်

❊ သည်တစ်နှစ် သည်တစ်လ
သည်တစ်ကျောင်းကျ
သည်တစ်ကြိမ်၊
မြတ်ကျောင်းတော်
အေးရိပ်နန်း
လှူဒါန်းကြချိန်။
သဒ္ဓါညွတ် စိတ်ဝတီ
ဘုံကထိန်ဆင်ယင်နွှဲ။
အကျိုးမျှော်အမှန်
နှီးဆော်သံမြိမ့်မြိမ့်သဲပါလို့
ထင်းခနဲ ရင်ထဲမှာဖြင့်
ပဒေသာ မြေမှာပေါက်
ထင်လောက်သည်ပဲ။

❊ ကြယ်တာရာ ဝန်းရံခ
လပြည့်ည လတန်ဆောင်၊
ဆံတစ်ချည် မြူမသန်း
ညချမ်းဖွဲ့နှောင်။
နက္ခတ်စုံ လရောင်ဆမ်းပါလို့
ဘေးမသန်း အေးချမ်းအောင်
ဇော်ဂျီမောင်ဆေးကြိတ်သား၊
ရှေးအဆက်အစဉ်
ဆေးဖက်ဝင် ခါတော်မီပါပဲ
မဲဇလီဖူး အဆုပ်ဆုပ်ကိုလ
ခူးသုပ်လို့စား။

❊ ရှေးစဉ်လာ မူအလှ
တူတကွ အောင်လံထူ
ညီတညာ ပေါင်းကာစု
ကောင်းမှုဖေးကူ။
မြတ်တရား ထပ်ပွားယူ
မြတ်နိဗ္ဗူ ရည်မျှော်ခင်း၊
တူတကွ ရှေးရေစက်ပါပဲ
အကျိုးဆက် အကြောင်းထင်
အကောင်းမြင်
စိတ်ခါတ်မျိုးရယ်နဲ့
(တို့အရပ်မှာလေ)
ဘေးဆိုးရန်ကင်း။ ။

ဖိုလေးလုံးသောင်းကိုကို

## MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ကော့သောင်း နိုဝင်ဘာ ၇**

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်အရ နိုဝင်ဘာ ၆ ရက်က ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမား ၄၅ ဦး ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင်အကျိုးဆောင်(ထိုင်း)လိုင်စင်ရ အေဂျင်စီတစ်ခုဖြစ်သည့် Shwe Sin Koe Pwint Co.,Ltd. မှ ထိုင်းနိုင်ငံရှိ Thai Muen Rung Co.,Ltd. သို့ အမျိုးသားအလုပ်သမား ၂၄ ဦးနှင့် အမျိုးသမီးအလုပ်သမား ၂၁ ဦး စုစုပေါင်းအလုပ်သမား ၄၅ ဦးကို နှစ်နှစ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်းအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်ရာ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ကော့သောင်းခရိုင်ရုံး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင်ကုမ္ပဏီတာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့်ကုမ္ပဏီသို့ စနစ်တကျ ပို့ဆောင်ပေးကြကြောင်း သိရသည်။




**ကျော်စိုး(ကော့သောင်း)**

## ပဲခူးမြို့၏ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုမည့် လိပ်ပြာကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီး

ပဲခူး နိုဝင်ဘာ ၇

**ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၏ ဒေသတွင်းခရီးသွားလာမှုလုပ်ငန်းကို အထောက်အကူဖြစ်စေမည့်အပြင် ဒေသနေပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရန်ရည်ရွယ်၍ ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက်ရှိ လိပ်ပြာကန် သာယာလှပရေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်တွင် ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။**

အဆိုပါလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရန်ပုံငွေနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လိပ်ပြာကန်သာယာလှပရေးနှင့် ပြည်သူများ အပန်းဖြေအနားယူစရာနေရာတစ်ခု ဖြစ်ပေါ်လာစေရန်အတွက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိပ်ပြာကန်၏ ပဲခူး-သနပ်ပင်လမ်းဘက်ခြမ်းနှင့် ကိုယ့်မင်းကိုယ့်ချင်းလမ်းဘက်ခြမ်းတို့တွင် Steel လက်ရန်းများ တပ်ဆင်ခြင်း၊ အလှထိုင်ခုံများ တပ်ဆင်ခြင်း၊ ပန်းအိုးများထားရှိခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မီးအလှများ တပ်ဆင်ခြင်း၊ ကြမ်းခင်းများ ဆောင်ရွက်ခြင်းနှင့် ကိုယ့်မင်းကိုယ့်ချင်းလမ်းဘက်ခြမ်းတွင် ရေပေါ်စင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လိပ်ပြာကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ထူးလင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ယခုအခါ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ပဲခူးမြို့သည် အခြားသော မြို့ရွာများမှ ပြည်သူများ နေ့စဉ်မပြတ် လာရောက်လည်ပတ်လျက်ရှိသည့် မြို့နယ်ဖြစ်၍ လာရောက်လည်ပတ်ကြသူများ ပို၍စိတ်ဝင်စားမှုရှိပြီး ပိုမိုလာရောက်လည်ပတ်စေရန် ရည်ရွယ်လျက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့အဝင်တွင် ဘုရင့်နောင်မင်းတရားကြီး၏ ရုပ်တုနှင့် ရင်ပြင်ပန်းခြံတည်ဆောက်ခြင်း၊ ဟံသာဝတီနေပြည်တော်ကျုံးကို ပြန်လည်တူးဖော်အလှဆင်ခြင်း၊ ကျုံးနံဘေးရှိ ရန်ကင်းသာပန်းခြံကို အဆင့်မြှင့်တင်ခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ယဉ်ဦး**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလကုန်ပိုင်းအထိ ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၃၃ သန်းရရှိထား

**ရန်ကုန် နိုဝင်ဘာ ၇**

နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန် အသာစီးရရှိလျက်ရှိသော ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလ ၃၁ ရက်အထိ ပြည်ပပို့ကုန်တန်ချိန် ၈၆၂၀ ဒသမ ၇၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၃၃ သန်း ရရှိခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုဖြစ်သော စစ်တွေနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ရေထွက်ကုန် ၆၅ ရာခိုင်နှုန်းနှင့် ကုန်ခြောက် ၃၅ ရာခိုင်နှုန်းကို တင်ပို့လျက်ရှိပြီး ရေထွက်ကုန်တွင် မွေးမြူရေးငါးမြစ်ချင်း၊ ငါးမုန့်မည်း၊ ငါးသလောက်၊ ငါးနီတူခြောက်နှင့် ငါးမှုန်ခြောက်တို့ကို လည်းကောင်း၊ ကုန်ခြောက်တွင် မန်ကျည်းသီး၊ ကြက်သွန်၊ ချင်း၊ ဆီးမှုန့်၊ ထန်းလျက်နှင့် အညာပုဆိုး/အင်္ကျီ တို့ကိုလည်းကောင်း တင်ပို့လျက်ရှိသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ ဘင်္ဂလားဒေ့ရှ် နယ်စပ်ဂိတ်နှစ်ခုမှ ရေထွက်ကုန် ၇၀၉၃ ဒသမ ၄၁၃ တန်တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၁၈ သန်းကိုလည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ ရေထွက်ကုန်တန်ချိန် ၅၀၁၀ ဒသမ ၇၀ တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၄ ဒသမ ၇၆၀ သန်းကိုလည်းကောင်း၊ ၂၀၂၁-၂၀၂၂ မီနီဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ ရေထွက်ကုန်တန်ချိန် ၁၁၃၆၂ ဒသမ ၉၇ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၈၇ သန်းကိုလည်းကောင်း နိုင်ငံခြားငွေ ရရှိခဲ့သည်။

ရခိုင်ပြည်နယ် မောင်တောနယ်စပ်ဂိတ်ကို စက်တင်ဘာလကုန်ပိုင်းတွင် ယာယီရပ်နားခဲ့ပြီး ပို့ကုန်များကို စစ်တွေနယ်စပ်ဂိတ်မှ ကုန်စည်စီးဆင်းမှုမပြတ် တင်ပို့လျက်ရှိသည်။ မောင်တောနယ်စပ်ဂိတ်သည် တစ်ဖက်ကမ်းသို့ အချိန်တိုအတွင်း ရောက်ရှိသောကြောင့် ကုန်ပစ္စည်းတင်ပို့မှု မြန်ဆန်စေလျက်ရှိပြီး စစ်တွေနယ်စပ်ဂိတ်သည် ပင်လယ်ကိုငါးနာရီခန့်ဖြတ်သန်း၍ ရေထွက်ကုန်နှင့် ကုန်ခြောက်ပစ္စည်းများကို ဘင်္ဂလားဒေ့ရှ်နယ်စပ်ဂိတ်သို့ တင်ပို့လျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလကုန်အထိ နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ပို့ကုန်တန်ချိန် ၈၆၂၀ တန် တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၃၃ သန်းရရှိခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်ဆိပ်ကမ်းသို့ တိုက်ရိုက်တင်ပို့သောစက်လှေ ၂၆ စင်း၏ ပို့ကုန် လိုင်စင်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၂၄၁၀၀ ကိုလည်း နိုင်ငံတော်အတွက် ရရှိခဲ့သည်။

**ညိမ်းသူ**
**(သတင်းစဉ်)**

# ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၌ မသိုးရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်

**ရန်ကုန် နိုဝင်ဘာ ၇**
ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ သီတင်းသုံးတော်မူသည့် ဘုရားဆင်းတုတော်များကို မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ခြင်း၊ (၃၈) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ခတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက စေတီတော်ရင်ပြင်နှင့် နန်းဦးဘုရားကြီးတန်ဆောင်းတို့တွင် ကျင်းပသည်။

ယနေ့နံနက် ၄ နာရီက ပြိုင်ပွဲတွင် ရက်လုပ်ပြီးစီးသည့် မသိုးရွှေကြာသင်္ကန်းများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့များနှင့် အလှူရှင်များက အဖွဲ့လိုက်စေတီတော်ရင်ပြင်ပေါ်တွင်လှည့်လည်အပူဇော်ခံပြီး ဆံတော်မြတ်ရတနာနှင့် ဘုရားဆင်းတုတော်များတွင် ဆက်ကပ်ပူဇော်ကြသည်။ (ယာပုံ)



ထို့နောက် နန်းဦးဘုရားကြီးတန်ဆောင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက သင်္ကန်းအလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း (၃၈) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ခတ်ပြိုင်ပွဲတွင် ဆုရရှိကြသော စင်တော်များမှပြိုင်ပွဲဝင်များအား ငွေသားဆုနှင့် ဆုတံဆိပ်များကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် မသိုးရွှေကြာသင်္ကန်း ကပ်လှူပူဇော်မှု ရေစက်ချမင်္ဂလာအခမ်းအနားကို နန်းဦးဘုရားကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ဓမ္မရောင်ခြည်ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်၍ ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး စွန်းလွန်းဂူဝိပဿနာ ကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီး များသည် ဆူးလေစေတီတော်ကြီး၏မုခ်လေးမုခ်ရှိ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများနှင့် အတုလမာရ်အောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးများအား ရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**

# ရွှေစည်းခုံစွယ်တော်မြတ်စေတီကြီး၏ (၉၆၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် သံဃာ ၇၅၇ ပါးအား ဆွမ်းဆက်ကပ်

**ညောင်ဦး နိုဝင်ဘာ ၇**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ် (၅) ရပ်ကွက်ရှိ ရွှေစည်းခုံစွယ်တော်မြတ်စေတီကြီး၏ (၉၆၃) ကြိမ်မြောက် တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်မြို့ပေါ်ရှိ ပင့်သံဃာ ၇၅၇ ပါးအား ဆွမ်းသပိတ်လုံးဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်ကြီး၏ အင်္ဂါထောင့်မဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းသပိတ်လုံးများ ဆက်ကပ်လှူဒါန်းပွဲတွင် ပင့်သံဃာအရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး တက်ရောက်လာသည့် ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာအလှူရှင်များက သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် စေတီတော်ရင်ပြင်၌ ဆွမ်းသပိတ် လောင်းလှူပူဇော်ပွဲကို ကျင်းပရာ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာအလှူရှင်များနှင့် ဘုရားဖူးပြည်သူများက ရွှေစည်းခုံစွယ်တော်မြတ် စေတီတော်ကြီး၏ (၉၆၃) ကြိမ်မြောက် တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ပင့်သံဃာတော် ၇၅၇ ပါးအား ဆွမ်း၊ ဆေး၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူပူဇော်ခဲ့ကြသည်။

ပုဂံခေတ် အနော်ရထာမင်းကြီး၏ ကောင်းမှုတော်ဖြင့် ကောဇာသက္ကရာဇ် ၄၂၁ ခုနှစ်တွင် တည်ထားကိုးကွယ်တော်မူခဲ့သော ညောင်ဦးမြို့ ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တန်ဆောင်မုန်းလဆန်း ၈ ရက်တွင် ကျင်းပလေ့ရှိရာ (၉၆၃) ကြိမ်မြောက် ကျင်းပပြုလုပ်ခြင်းဖြစ်ကာ ယခုနှစ်တွင်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် လူစုလူဝေးမဖြစ်စေရေးအတွက် အကျဉ်းချုံးကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီးဂေါပကအဖွဲ့ထံမှ သိရသည်။

**ရဲဝင်းနိုင်**
**(ညောင်ဦး)**

# မကွေးမြို့ မြသလွန်ဘုရားကွင်း၌ သီလရှင်အပါး ၅၀၀ နှင့် အခြေခံလူတန်းစား အိမ်ထောင်စု၄၅၀၀ခန့်အား ဆန်များလှူဒါန်း



**မကွေး နိုဝင်ဘာ ၇**
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ တန်ဆောင်မုန်းလပြည့်နေ့တွင် မကွေးမြို့ သီလရှင်ကျောင်းများရှိ သီလရှင်အပါး ၅၀၀ နှင့် အခြေခံလူတန်းစား အိမ်ထောင်စု ၄၅၀၀ ခန့်အား ဆန်ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက မြသလွန်ဘုရားကွင်းပြင်၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ မကွေး လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းမောင်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သီလရှင်အပါး ၅၀၀ နှင့် အခြေခံလူတန်းစား အိမ်ထောင်စု ၄၅၀၀၊ စုစုပေါင်း ၅၀၀၀ ခန့်ကို အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စုများ စားဝတ်နေရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ စေတနာရှင်အလှူရှင်များ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

# ညောင်တုန်းမြို့နယ် ပန်းလှိုင်မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်း

**ညောင်တုန်း နိုဝင်ဘာ ၇**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပန်းလှိုင်မြစ်ကူးတံတားတည်ဆောက်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းမြင့်၊ အင်ဂျင်နီယာချုပ် ဦးထွန်းလင်းနှင့် တာဝန်ရှိသူများက တံတားလျာထား တည်နေရာကိစ္စရပ်များ၊ တံတား တည်ဆောက်ရာတွင် ထိခိုက်မှုအနည်းဆုံးနှင့် ကုန်ကျစရိတ်သက်သာမှုရှိစေရန် ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ထပ်မံကွင်းဆင်းတိုင်းတာဆောင်ရွက်ရေးကိစ္စရပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။




**ထက်ဝေဖြိုး(ပြန်ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# တန်ဆောင်မုန်းလပြည့်နေ့၌ မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြား

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်း လပြည့် (သာမညဖလ အခါတော်နေ့)၌ မြန်မာနိုင်ငံတစ်ဝန်း အမြို့မြို့ အနယ်နယ်ရှိ တန်ခိုးကြီး ဘုရားစေတီပုထိုးများ၌ မသိုး သင်္ကန်း ရက်လုပ်လှူဒါန်း ပူဇော်ကြသူများနှင့် နိဗ္ဗာန်ကို ရည်မှန်း၍ ကောင်းမှုအစုစုတို့ ပြုလုပ်ကြသူများ၊ ဘုရားဖူး ပြည်သူများဖြင့် စည်ကား များပြားလှသည့် မြင်ကွင်း အဖုံဖုံကို စုစည်းဖော်ပြအပ် ပါသည်။



နိုဝင်ဘာ ၇ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားစွာ တွေ့ရစဉ်။ ဇော်မင်းလတ်




နိုဝင်ဘာ ၇ ရက် (တန်ဆောင်မုန်းလပြည့်နေ့)က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီး ဘုရား၌ (၃၂)ကြိမ်မြောက် ဆီမီးအလင်းတိုင်များ ထွန်းညှိပူဇော်ထား သည်ကို တွေ့ရစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)




တန်ဆောင်မုန်းလဆန်း ၁၄ ရက်က မုဒုံမြို့ရှိ သမိုင်းဝင် ဆံတော်ရှင်ကန်ကြီး စေတီတော်မြတ်ကြီးအား (၉၆)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ကြစဉ်။ သားငယ် (ပြန်/ဆက်)



သန်လျင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်း၌ ဆီမီးကပ်လှူပူဇော်ထားမှုကို တွေ့ရစဉ်။ သန်းဝင်း(သန်လျင်)



ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအား တန်ဆောင်မုန်းလပြည့်နေ့၌ မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်စဉ်။ ခရိုင်(ပြန်/ဆက်)



ပင်းတယမြို့ ရွှေဥမင်စေတီတော်သို့ တန်ဆောင်မုန်းလပြည့်နေ့ အခါသမယ၌ ဘုရားဖူးဧည့်သည်များ၊ အပန်းဖြေလာရောက် လည်ပတ်သူများဖြင့် စည်ကားနေသည်ကိုတွေ့ရစဉ်။ အောင်ကိုဦး (ပြန်/ဆက်)



စစ်ကိုင်းမြို့ရှိ သမိုင်းဝင်ကောင်းမှုတော်ဘုရားကြီးတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေစဉ်။ ခရိုင်(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ မသိုးသင်္ကန်းတော်များ ရက်လုပ်ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၇**

တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် တိုင်းစစ်ဌာနချုပ်များရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ မသိုးသင်္ကန်းများ ရက်လုပ်ဆက်ကပ်လှူဒါန်းပွဲများ ပြုလုပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ စူဠာမုနိလောကချမ်းသာ စေတီတော်ရင်ပြင်၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး ရင်ပြင်တော်ရှိ မိုးကောင်းဓမ္မာရုံနှင့် ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးတို့၌ လည်းကောင်း ကျင်းပကြရာ ဆရာတော်ကြီးများ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီး ချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရက်ကန်းပညာရှင်များ၊ စက်ချုပ်ပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများက အခမ်းအနားများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ရက်လုပ်ထားသော မသိုးသင်္ကန်းတော်များနှင့် ဘုရား၊ စေတီ၊ ပုထိုးများအား လှည့်လည်ပူဇော်ကြပြီး ဗုဒ္ဓရုပ်ပွားတော်များကို မသိုးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဗုဒ္ဓါအဘိသေက အနေကဇာတင်ခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ဆရာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်များထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။



တောင်ကြီးမြို့ရှိ စူဠာမုနိလောကချမ်းသာ စေတီတော်ရင်ပြင်၌ မသိုးသင်္ကန်းများ ရက်လုပ်ဆက်ကပ်လှူဒါန်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပူဇော်ပွဲတွင် ပါဝင်ခဲ့ကြသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ပြီး ဆရာတော်၊ သံဃာတော်များအား အရဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်မြို့ တန်ဆောင်တိုင်မီးထွန်းပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြို့ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ နိုဝင်ဘာ ၅ ရက်မှ စတင်ကျင်းပလျက်ရှိရာ ယနေ့ညတွင် ရန်ကုန်မြို့နေ အများပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

မီးထွန်းပွဲနှင့် ဈေးရောင်းပွဲတော်သို့ ပြည်သူအများအပြား လာရောက်ကြပြီး မီးပုံးပျံလွှတ်တင်ခြင်း၊ အလှဆင်မီးများဖြင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများ၊ ဒီဂျေ (DJ) များဖြင့် ဖျော်ဖြေတင်ဆက်မှုများကို လူငယ်လူရွယ် အများအပြားက ကြည့်ရှုအားပေး၍ ပျော်ရွှင်စွာအတူလိုက်ပါ သီဆိုကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြသည်။

ထို့ပြင် လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် အစားအသောက်၊ အသီးအနှံများ၊ သုတ/ရသ စာအုပ်များ ရောင်းချနေမှုများကိုလည်း ဝယ်ယူအားပေးကြသော ပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိသည်။ (အပေါ်ပုံ)

မီးထွန်းပွဲနှင့် ဈေးရောင်းပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက လာရောက်ကြပြီး ဈေးရောင်းချနေမှုများနှင့် ဈေးဝယ်လာသူများ၊ ပွဲတော်သို့ လာရောက်လည်ပတ်ကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြည်သူများနှင့်အတူ မီးပုံးပျံ လွှတ်တင်ကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်အား နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ လည်းကောင်း၊ စတိတ်ရှိုးတေးဂီတနှင့် DJ တင်ဆက်မှုများကို ညနေ ၅ နာရီမှ ည ၁၀ နာရီထိလည်းကောင်း ကျင်းပလျက်ရှိကြောင်းနှင့် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သော ယနေ့တွင် အလှူရှင်များက နံနက်၊ နေ့လယ်နှင့် ညပိုင်းများတွင် စတုဒိသာ အကျွေးအမွေးများဖြင့် ကျွေးမွေးကြောင်းနှင့် ညပိုင်းတွင် မီးပုံးပျံလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ရန်ကုန်မြို့ အင်းလျားကန်၌ ဆီမီး ၁၅၀၀ ခန့် မီးမျှောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် စိမ်းလန်းစိုပြည်ဂါးဒင်းတို့ ပူပေါင်း ကျင်းပသော တန်ဆောင်တိုင် မီးမျှောပွဲနှင့် မဲဇလီဖူးသုပ် ဒါန ပြုလုပ်ပွဲကို နိုဝင်ဘာ ၇ ရက် ညပိုင်းက အင်းလျားလမ်း စိမ်းလန်းစိုပြည်ဂါးဒင်း၌ ပြုလုပ်သည်။ **(အောက်ပုံ)**

"၁၂ လ ပွင့်လင်းရာသီတွေမှာ အဓိကလုပ်ဖြစ်တာက ရိုးရာယဉ်ကျေးမှု၊ ကျောင်းသားလူငယ်၊ မိသားစုအပန်းဖြေလို့ ပျော်လို့ ရတဲ့ပွဲတွေ အများဆုံးလုပ်ဖြစ်တယ်။ လွတ်လပ်ရေးနေ့ဆို ကလေးပန်းချီပြိုင်ပွဲ၊ ပြည်ထောင်စုနေ့ဆို တိုင်းရင်းသား အစားအစာရောင်းချပွဲ၊ ပဒေသာကပွဲ လုပ်ပါတယ်။ သီတင်းကျွတ်မှာ မီးထွန်းပွဲနဲ့ တန်ဆောင်တိုင် မီးမျှောပွဲတွေ ပြုလုပ်ပါတယ်"ဟု စိမ်းလန်းစိုပြည်ဂါးဒင်းမှ ဒါရိုက်တာ ဒေါ်အေးသန္တာထွန်းက ပြောသည်။

အဆိုပါ မီးမျှောပွဲသို့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများက အင်းလျားကန်တွင် ဆီမီး ၁၅၀၀ ခန့် ထွန်းညှိမျှောကြသည်။

ယင်းတန်ဆောင်တိုင် မီးထွန်းပွဲနှင့် မဲဇလီဖူးသုပ် ဒါနပြုလုပ်ပွဲသည် (၁၆) ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

**အာကာလင်း**



# တန်ဆောင်မုန်းလပြည့်နေ့တွင် မြဝတီမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ပြည်သူများကုသိုလ်ကောင်းမှုပြုခြင်းနှင့် ရပ်ကွက်အလိုက်စတုဒိသာများ ညှော်ခံကျွေးမွေး ကုသိုလ်ယူကြသူများဖြင့် စည်ကား

**မြဝတီ နိုဝင်ဘာ ၇**

တန်ဆောင်မုန်း လပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် ကရင်ပြည်နယ် မြဝတီမြို့နယ် အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ညနေခင်း ဆီမီး၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းပူဇော်၍ ကုသိုလ်ကောင်းမှုပြုကြသကဲ့သို့ ရပ်ကွက်အလိုက် ပြည်သူများကလည်း အာဟာရဒါန စတုဒိသာများဖြင့် ညှော်ခံကျွေးမွေး ကုသိုလ်ယူကြသည်။

ပြည်သူများအနေဖြင့် ကုသိုလ်ကောင်းမှု ပြုကြရာတွင်လည်း မြဝတီမြို့နယ်အတွင်းရှိ မြို့ကျက်သရေဆောင် သမိုင်းဝင် ဆံတော်ရှင်ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၊ မိကျောင်းကုန်းဘုရား၊ အဓိဋ္ဌာန်အောင် စေတီတော်၊ ရွှေတိဂုံ ပုံတူမဟာကနက စေတီတော်တို့တွင် ရပ်နီး/ရပ်ဝေးမှ ရဟန်းရှင် လူပြည်သူများ စိတ်နှလုံး အေးချမ်းတည်ငြိမ်စွာဖြင့် ကုသိုလ်ဘာဝနာတရား ပွားများအားထုတ်သူ များပြားလျက်ရှိသည်။ အလားတူ မြဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်များအလိုက်တွင်လည်း လမ်းသွား၊ လမ်းလာ ပြည်သူများကို အယုတ်အလတ် မြတ်မရွေး အာဟာရဒါန စတုဒိသာများဖြင့် ညှော်ခံကျွေးမွေးလှူဒါန်းပြီး ကုသိုလ်ယူကြသူများဖြင့် အထူးစည်ကားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➤ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။



# ညောင်ရွှေမြို့ ရွှေတောင်ဦး စုမ့်မိန်းဓမ္မစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

**ညောင်ရွှေ နိုဝင်ဘာ ၇**

ရှမ်းပြည်နယ် ညောင်ရွှေမြို့၌ ကျေးဇူးရှင် မိုင်းဖုန်းဆရာတော်ဘုရား၏ ဩဝါဒကိုခံယူ၍ ပြန်လည် ပြင်ဆင်တည်ထားကိုးကွယ်သည့် ရွှေတောင်ဦး စုမ့်မိန်း ဓမ္မစေတီတော်မြတ် ရွှေထီးတော်တင် လှူပူဇော်ပွဲကို နိုဝင်ဘာ ၇ ရက် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၈ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ ကြွရောက်လာကြသည့် ဆရာတော်သံဃာတော် အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး ညောင်ရွှေမြို့နယ် မိုင်းသောက်ပထမ စာသင်တိုက်နာယက၊ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုမင်္ဂါဘိဝံသ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်လာကြသည့် ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်မြတ်ကို နာယူပန်ဆင်ကြသည်။



ထို့နောက် အလှူရှင်များက ဆရာတော်များထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဘုရားဒါယကာ၊ ဒါယိကာမများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို ပင့်ဆောင်၍ စေတီတော်ကို လက်ယာရစ်သုံးပတ် ပူဇော်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူပူဇော်ပြီး ရွှေတောင်ဦးစုမ့်မိန်းဓမ္မစေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူခြင်း မင်္ဂလာကို ဆောင်ရွက်သည်။

ထို့နောက် ညောင်ရွှေမြို့ လှိုင်ကြို ပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တကုလနန္ဒက ဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ သာမညဖလအခါတော်နေ့ (တန်ဆောင်မုန်းလပြည့်နေ့)တွင် ဆီမီးတစ်သောင်းပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် စတုဒိသာကျွေးမွေးခြင်းများကျင်းပ

**စစ်တွေ နိုဝင်ဘာ ၇**

တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့တွင် စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီး၌ ဆီမီးတစ်သောင်းပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် စတုဒိသာကျွေးမွေးခြင်းတို့ကို ယနေ့ ညနေပိုင်းက စေတီတော်မြတ်ကြီးရင်ပြင်၌ ကျင်းပရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီးရင်ပြင်တော်အတွင်း ဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကားလျက် ရှိသည်။

**ဆီမီးထွန်းညှိပူဇော်**

လောကာနန္ဒာ စေတီတော်တွင် တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ဦးဆောင်ကာ စေတီတော်ရင်ပြင်၌ ကျင်းပသော ဆီမီးတစ်သောင်းပူဇော်ပွဲအား စတင်ဆီမီးထွန်းညှိပူဇော်ကြပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဘုရားဖူးလာပြည်သူများက ဆီမီးထွန်းညှိပူဇော်ကြကာ(ဝဲပုံ) ဌာနဆိုင်ရာအလိုက် စတုဒိသာအလှူအဖြစ် ကျွေးမွေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**စတုဒိသာကျွေးမွေး**

လောကာနန္ဒာ စေတီတော်မြတ်ကြီးတွင် ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဌာနဆိုင်ရာ ၂၀ ကျော်မှ ဝန်ထမ်းများက စတုဒိသာ ကျွေးမွေးခဲ့ပြီး မီးပုံးပျံအလုံး ၂၀၀ ကျော်ကို လွှတ်တင်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**





# ဟိုပန်မြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဟိုပန် နိုဝင်ဘာ ၇**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှစတင်၍ ဟိုပန်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုကွင်းရှိ မြင်းပျံတောင် ကဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဟိုပန်တန်ဆောင်တိုင်ပွဲတော်ကာလတွင် အများပြည်သူများ စိတ်အပန်းဖြေ ပျော်ရွှင်မှုရှိစေရေးအတွက် အဆိုပါတိုင်းရင်းသားရိုးရာယဉ်ကျေးမှုကွင်း၌ ရောင်စုံမီးအလှများထွန်း၍ တိုင်းရင်းသားရိုးရာ အကအလှများ၊ တေးဂီတ အစီအစဉ်များ၊ DJ ဖျော်ဖြေမှုများ ပါဝင်ပြီး နိုင်ငံကျော်အနုပညာရှင် အဆိုတော်များက ခေတ်ပေါ်တေးသီချင်းများဖြင့် ကပြဖျော်ဖြေ တင်ဆက်ပေးလျက်ရှိသည်။

ဟိုပန်မြို့နယ်၌ တန်ဆောင်တိုင် အခါသမယအတွင်း မြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန်ပွဲများ ကျင်းပခြင်း၊ ပဒေသာပင်များ စီတန်းလှည့်လည်ခြင်း၊ ရပ်ကွက်များအလိုက် ဘုန်းတော်ကြီးကျောင်းများတွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်း၊ စေတီပုထိုးများ၌ ရောင်စုံမီးအလှများ ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံ လွှတ်တင်ခြင်းများ ပြုလုပ်လျက်ရှိသည်။

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အနီးပတ်ဝန်းကျင် မြို့များဖြစ်သည့် ကွမ်းလုံ၊ ချင်းရွှေဟော်ဒေသများမှ အများပြည်သူများဖြင့် ပျော်ရွှင်စွာ လာရောက် လည်ပတ်လျက်ရှိကြောင်းနှင့် ပွဲတော်ကို နိုဝင်ဘာ ၁၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**

# နေပြည်တော်သတင်းစာတိုက်ဝင်း အောင်သိဒ္ဓိမဟာဗောဓိညောင်ပင်ရှိ ဂြိုဟ်နံဘုရားများ အနေကဇာတင်လှူပွဲနှင့် ဝန်ထမ်းမိသားစုများ၏ နိဗ္ဗာန်ဈေးရောင်းပွဲတော် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲ သတင်းစာတိုက်ဝင်းရှိ အောင်သိဒ္ဓိမဟာဗောဓိ ညောင်ပင်ရှိ ဂြိုဟ်နံဘုရားများ အနေကဇာတင်လှူပွဲနှင့် ဝန်ထမ်းမိသားစုများ နိဗ္ဗာန်ဈေးရောင်းပွဲတော်ကို မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။(**အပေါ်ပုံ**)

ယနေ့နံနက်ပိုင်းတွင် မြန်မာ့အလင်း၊ ကြေးမုံ၊ နေပြည်တော် သတင်းစာတိုက် ဝန်ထမ်းမိသားစုများနှင့် စေတနာရှင် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် ဂြိုဟ်နံဘုရားဆင်းတုတော်များ အနေကဇာတင်လှူပွဲ ကျင်းပရာ နေမျိုးနွယ် စာသင်တိုက်ဦးစီးပဓာန နာယကဆရာတော်ကြီး အမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူဆောက်တည် ကြပြီးနောက် ဘုရားဆင်းတုတော် များအား အနေကဇာတင်လှူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် စေတနာရှင်အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

ညနေပိုင်းတွင် သတင်းစာတိုက် ဝန်ထမ်းမိသားစုများ စုပေါင်း၍ နိဗ္ဗာန်ဈေးရောင်းပွဲတော်ကျင်းပရာ ဝန်ထမ်းမိသားစုများနှင့်အတူအနီးနားရှိ ကျေးရွာများမှ ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ ဝင်ရောက်ဆင်နွှဲကြသည်။ **သီဟစည်သူ**



# MNL ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း အနိုင်ရ

**ရန်ကုန် နိုဝင်ဘာ ၇**
၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) မှ ရွှေ့ဆိုင်းထားသော ပွဲများကို နိုဝင်ဘာ ၆ နှင့် ၇ ရက်တို့က ဆက်လက်ကျင်းပရာ ချန်ပီယံရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း နိုင်ပွဲရရှိခဲ့သည်။

နိုဝင်ဘာ ၆ ရက်က ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက GFA အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲမတိုင်မီ ချန်ပီယံဖြစ်သွားသောကြောင့် GFA အသင်း ကစားသမားများမှာ ရှမ်းယူနိုက်တက်အသင်း ကွင်းအတွင်း ဝင်ရောက်လာချိန်တွင် လက်ခုပ်တီး၍ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ချန်ပီယံဆုကို ပြိုင်ပွဲမပြီးဆုံးမီ နှစ်ပွဲအလိုတွင် ရယူထားပြီးဖြစ်သော်လည်း ရှုံးပွဲမရှိစံချိန်တွင် အမှားမခံဘဲ နိုင်ပွဲထပ်မံရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရှုံးပွဲမရှိစံချိန် ထပ်မံရယူနိုင်ရန် တစ်ပွဲသာကျန်တော့ပြီး အား/ကာသိပ္ပံအသင်းနှင့် နောက်ဆုံးပွဲတွင် အနိမ့်ဆုံးသရေကစားရုံဖြင့် ရှုံးပွဲမရှိချန်ပီယံဖြစ်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၉ ရာသီကလည်း ရှုံးပွဲမရှိစံချိန်ဖြင့် အမှတ်ပေးချန်ပီယံဖြစ်ဖူးပြီး ဒုတိယအကြိမ် ရှုံးပွဲမရှိချန်ပီယံဖြစ်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ GFA အသင်းသည် နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး အရေးနိမ့်ခဲ့သဖြင့် MNL-2 သို့ တန်းပြန်ဆင်းခဲ့ရပြီဖြစ်သည်။ နှစ်သင်းစလုံး ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး GFA အသင်းက နိုင်ငံခြားသားကစားသမားများမပါဘဲ ပြည်တွင်းကစားသမားများဖြင့် ရင်ဆိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ရှစ်မိနစ်မှာပင် စည်သူအောင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းကစားခဲ့သဖြင့် GFA အသင်း အခွင့်အရေးအချို့ပြန်ရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အမာခံကစားသမားအချို့ ထည့်သွင်းကာ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ၇၃ မိနစ်တွင် စည်သူအောင်က ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။

နိုဝင်ဘာ ၇ ရက်ကကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ရတနာပုံအသင်းကို လေးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုနောက်ပိုင်းပွဲများတွင် ခြေစွမ်းပိုင်း မတည်ငြိမ်ဖြစ်နေသည့် ရတနာပုံအသင်းသည် ယခုပွဲတွင်လည်း အစဉ်အလာပြိုင်ဘက် ရန်ကုန်အသင်းကို အရှုံးပေးခဲ့ရသည်။ ရန်ကုန်အသင်းမှာမူ ဒုတိယနေရာအတွက် လိုအပ်နေသည့် ရမှတ်ရယူခဲ့ပြီး လက်ကျန်တစ်ပွဲအလိုတွင် ဒုတိယနေရာရရန် သေချာသွားခဲ့သည်။ ထို့ကြောင့် ရန်ကုန်အသင်းသည် လာမည့်ရာသီတွင် အာရှအဆင့် ကလပ်ပြိုင်ပွဲ ပြန်လည်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။


ရှမ်းယူနိုက်တက်အသင်းအတွက် ပထမဂိုးကို စည်သူအောင် သွင်းယူနေစဉ်

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရန်ကုန်အသင်းအနေဖြင့် ပွဲစကတည်းက ဂိုးရရန် တိုက်စစ်ဖွင့်ကစားခဲ့သည်။ ရန်ကုန်အသင်းသည် ရတနာပုံကို ပထမပိုင်းမှာပင် နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့ပြီး လေးဂိုးပြတ်သွင်းယူပြီးမှ ချေပဂိုး နှစ်ဂိုး ပြန်ပေးခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်အသင်းအတွက် ဂိုးများကို ၁၇ နှင့် ၄၄ မိနစ်တွင် ဂျူနီယာ၊ ၅၅ မိနစ်တွင် ဒေးဗစ်ထန်နှင့် ၇၅ မိနစ်တွင် စအောင်ပြည့်ကိုတို့က သွင်းယူခဲ့ပြီး ရတနာပုံအသင်းအတွက် ချေပဂိုးများကို ၈၅ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ရဲရင့်အောင်နှင့် ဒုတိယဂိုးမှာမူ ၈၇ မိနစ်တွင် ရန်ကုန်နောက်ခံလူ သူရိန်စိုး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ပွဲပြီးခါနီးမှ ချေပဂိုးများပြန်ရခဲ့သဖြင့် နောက်ထပ်ဂိုးများရအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၁၇ ပွဲကစား ၃၈ မှတ်၊ ရတနာပုံအသင်းက ၁၇ ပွဲကစား ၂၅ မှတ်ရရှိထားသည်။

ပွဲစဉ် (၁၂) တတိယနေ့အဖြစ် နိုဝင်ဘာ ၈ ရက် **(ယနေ့)** တွင် အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊**
**ဓာတ်ပုံ – သော်လေး**

## အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံနှင့် အား/ကာဦးစီးဌာနအသင်း အနိုင်ရ

**ရန်ကုန် နိုဝင်ဘာ ၇**
၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) ပထမနေ့ကို နိုဝင်ဘာ ၇ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းနှင့် အား/ကာဦးစီးဌာနအသင်း အနိုင်ရရှိခဲ့သည်။

ပထမနေ့တွင် အား/ကာဦးစီးဌာနအသင်းက YREO အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အား/ကာသိပ္ပံအသင်းက တနင်္သာရီအသင်းကို ၁၁ ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာ ဦးစီးဌာနအသင်းမှာမူ ၄၁ မိနစ်တွင် အာဇွန်သာ သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် YREO အသင်းကို အနိုင်ရခဲ့ခြင်းဖြစ်သည်။ YREO အသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ အား/ကာသိပ္ပံ အသင်းသည် ဇယားအောက်ဆုံးမှ တနင်္သာရီအသင်းကို ခြေအသာဖြင့်ကစားကာ နှစ်ကျော့စလုံး ဂိုးပြတ်အနိုင်ယူခဲ့ခြင်းဖြစ်သည်။ အသင်းသစ် တနင်္သာရီအသင်းသည် လက်ရှိအချိန်ထိ နိုင်ပွဲမရသေးသော်လည်း တိုးတက်မှုများရှိလာပြီး အသင်းကြီး အား/ကာသိပ္ပံကို ပထမအကျော့ထက် ပေးဂိုးနည်းအောင် ကစားနိုင်ခဲ့သည်။ အား/ကာသိပ္ပံ အသင်းအတွက် အနိုင်ဂိုးများကို ၈ မိနစ်တွင် မီမီဇင်၊ ၄၆၊ ၆၅ မိနစ်တွင် နန့်မေသဇင်၊ ၅၂၊ ၇၁၊ ၈၇ မိနစ်တွင် ခင်မာလာထွန်း၊ ၆၃၊ ၉၀+၂ မိနစ်တွင် ဆုပြည့်ပြည့်ကျော်၊ ၇၈ မိနစ်တွင် ဟေမာန်စိုးနှင့် ၈၆ မိနစ်တွင် ယဉ်လွန်းအိမ်တို့က သွင်းယူခဲ့ပြီး ကျန်တစ်ဂိုးမှာမူ ၂၈ မိနစ်တွင် တနင်္သာရီအသင်းမှ နှင်းပွင့်အေး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၉) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၈ ရက် **(ယနေ့)** တွင် သစ္စာအားမာန်အသင်းနှင့် Young Lionesses အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်များ မဲခွဲရွေးချယ်၊ ရီးရဲမက်ဒရစ်နှင့် လီဗာပူးအသင်းတို့ ဆုံတွေ့နေ ယူရိုပါလိဂ် ရှုံးထွက်ပြိုင်ပွဲတွင် မန်ယူနှင့် ဘာစီလိုနာ တွေ့ဆုံ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်များကို နိုဝင်ဘာ ၇ ရက် ညပိုင်းက ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့၌ ကျင်းပရာ လက်ရှိချန်ပီယံ ရီးရဲမက်ဒရစ်အသင်းက ယမန်နှစ် ဖိုင်နယ်ပွဲတွင် တွေ့ဆုံခဲ့သည့် လီဗာပူးအသင်းနှင့် ထပ်မံတွေ့ဆုံနေသည်။

ယမန်နှစ်က ချန်ပီယံလိဂ်ဖိုင်နယ်ပွဲတွင် ရီးရဲမက်ဒရစ်အသင်းသည် လီဗာပူးအသင်းနှင့် တွေ့ဆုံခဲ့ပြီး ပွဲချိန် ၅၉ မိနစ်တွင် ရရှိခဲ့သော ဗင်နီစီးယပ်စ်တစ်လုံးတည်းသော သွင်းဂိုးဖြင့် ရီးရဲမက်ဒရစ်အသင်းက အနိုင်ရရှိကာ (၁၄) ကြိမ်မြောက် ချန်ပီယံဆုဖလားကို ဆွတ်ခူးထားသည်။ ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းက ဂျာမန်ကလပ် လိုက်ပ်ဇစ်အသင်းနှင့် တွေ့ဆုံနေပြီး စပါးအသင်းက စီးရီးအေနာမည်ကြီး အေစီမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ထို့အပြင် ပြင်သစ်နာမည်ကြီး ပီအက်စ်ဂျီအသင်းက ဂျာမန်အသင်းကြီး ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒေါ့မွန်အသင်းက ချယ်ဆီး၊ ကလပ်ဘရုဂ်က ဘင်ဖီကာ၊ ဖရန့်ဖတ်က နာပိုလီ၊ အင်တာမီလန်က ပေါ်တိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

### ယူရိုပါလိဂ်ရှုံးထွက်ပွဲစဉ်များ

ယူရိုပါလိဂ်ရှုံးထွက်ပွဲစဉ်များကို မဲနှိုက်ရွေးချယ်ခဲ့ရာတွင် မန်ယူအသင်းက ဘာစီလိုနာအသင်းနှင့် တွေ့ဆုံနေပြီး ဂျူဗင်တပ်စ်က နန့်တက်စ်၊ စပို့တင်းလစ္စဘွန်းက မစ်ဂျေးလန်း၊ ရှက်တာဒိုးနက်က ရင်းနက်စ်၊ အိုင်းယက်စ်က ယူနီယံဘာလင်၊ လေဗာကူဆင်က မိုနာကို၊ ဆီဗီလာက ပီအက်စ်ဗွီ၊ ဆောလ်ဘတ်က ရိုးမားအသင်းတို့ တွေ့ဆုံနေသည်။

**အောင်ဇော်**

## တရားမဝင် စားသောက်ကုန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၇**
တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်း မရှိသော ကြွေပြားချပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၉၉၅၀၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။


မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု

အလားတူ နိုဝင်ဘာ ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့နယ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် မွေးမြူရေးဇုန် ပိတောက်ရွှေဝါလမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်း၌ စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် M-150 အားဖြည့်အချိုရည် ဖာ ၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀) ကိုလည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော ကားတာယာ ၂၅ ဘီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၇၄၅၀၀၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို
တတ်နိုင်သမျှလျှော့စား၍
အသင့်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ

### မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄၅/သမိုင်း၊ မြေကွက်အမှတ် ၁/ခ-၁၂၇၊ ဧရိယာ ၀.၁၁၁၁ ၀၆၅ ဧက မြေကွက်တည်နေရာအမှတ် ၆၇၅/ခ၊ ရွှေနှင်းဆီလမ်းသွယ်(၆)၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်သူဇာမြင့် ISN-၄၀၄၆၅၉ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်သူဇာမြင့် (မိခင်)သည် ၂၆-၇-၂၀၂၁ ရက်တွင်လည်းကောင်း၊ ဦးခင်စိန်(ဖခင်)သည် ၂၀-၇-၂၀၂၁ ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့သဖြင့် သားသမီးများဖြစ်သော ဦးကျော်စွာသန့် ၁၂/မရက(နိုင်) ၁၂၉၆၇၆ နှင့် ဒေါ်စုယဉ်နွဲ့ ၁၂/မရက(နိုင်)၁၂၉၆၇၅ တို့မှ ၎င်းတို့သားသမီး(၂)ဦးမှလွဲ၍ အခြားအမွေစားအမွေခံ သားသမီး တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းတို့သားသမီး(၂)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားအမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မိခင်သေစာရင်း၊ ဖခင်သေစာရင်း၊ သန်းခေါင်စာရင်း၊ နှစ်(၆၀)မြေငှားဂရန်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်သည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရွှေကျင်မြို့နယ်၌ အကြမ်းဖက်သမားများက လမ်းပန်းဆက်သွယ်ရေးပြတ်တောက်စေရန် ရည်ရွယ်၍ သံကူကွန်ကရစ်တံတားတစ်စင်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၇

**ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ အကြမ်းဖက်သမားများက လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်စေရန် ရည်ရွယ်၍ သံကူကွန်ကရစ်တံတားတစ်စင်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၆ ရက် နံနက်၆နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ညောင်အိုင်ကျေးရွာနှင့် ကျောက်တန်းကျေးရွာတို့ကို ဆက်သွယ် ဖောက်လုပ်ထားသည့် ကျောက်တန်း - ညောင်အိုင်ကျေးရွာ သွားလမ်းပေါ်ရှိ အလျား ပေ ၄၄၀၊ အကျယ် ပေ ၂၀ ခန့်ရှိသည့် သံကူကွန်ကရစ်အမျိုးအစား ညောင်အိုင်ချောင်းကူးတံတားအား အကြမ်းဖက်အဖွဲ့(စိစစ်ဆဲ)က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတံတားတွင် မိုင်းပေါက်ကွဲမှုကြောင့် ကျောက်တန်းကျေးရွာဘက်ခြမ်းမှ တံတားပေ ၆၀ ခန့်တွင် ဝဲဘက်ကြမ်းခင်း ၄ ပေ ပတ်လည်ခန့်၊ တံတားလက်ရန်းတိုင် ၃ တိုင်နှင့် တံတားထောက်တိုင်အမှတ် P-10 အပေါ်ရှိ သံပေါင်ပျက်စီးနေသည်ကို တွေ့ရှိရပြီး မော်တော်ယာဉ်ဖြတ်သန်းသွားလာမှုများ ပြတ်တောက်မှု မရှိကြောင်းနှင့် တာဝန်ရှိသူများက တံတားကို ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ရွှေကျင်မြို့နယ်၌ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသည့် သံကူကွန်ကရစ်တံတား။

ထိုသို့ အများပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရန် ဆောက်လုပ်ထားသည့် သံကူကွန်ကရစ်ချောင်းကူးတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သူ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများအား သတိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၆)ရပ်ကွက်၊ လှည်းစုလမ်း၊ အမှတ်(၇၇၃) နေ ဦးကျော်ကျော်အောင် ၁၄/ပသန(နိုင်)၀၀၆၄၁၅ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၆၂၄၅/၂၀၂၂)၊ (၄/၆၂၄၆/၂၀၂၂)၊ (၄/၆၂၄၇/၂၀၂၂)၊ (၄/၆၂၄၈/၂၀၂၂)၊(၄/၆၂၄၉/၂၀၂၂)၊ (၄/၆၂၅၀/၂၀၂၂) တို့ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-




မှတ်ပုံတင်စာချုပ်အမှတ်
(၄/၆၂၄၅/၂၀၂၂)



မှတ်ပုံတင်စာချုပ်အမှတ်
(၄/၆၂၄၆/၂၀၂၂)




မှတ်ပုံတင်စာချုပ်အမှတ်
(၄/၆၂၄၇/၂၀၂၂)




မှတ်ပုံတင်စာချုပ်အမှတ်
(၄/၆၂၄၈/၂၀၂၂)




မှတ်ပုံတင်စာချုပ်အမှတ်
(၄/၆၂၄၉/၂၀၂၂)




မှတ်ပုံတင်စာချုပ်အမှတ်
(၄/၆၂၅၀/၂၀၂၂)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် "ပဲငံပြာရည်အချိုရည်၊ ပဲငံပြာရည်အနောက်ရည်၊ ပဲငံပြာရည်အကြည်ရည်၊ အကောင်းစားပဲငံပြာရည်အမျိုးမျိုး၊ ငရုပ်ဆီအမျိုးမျိုး၊ ခရုဆီအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ အခြေခံစားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းအမျိုးမျိုး" တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ရာ ကောင်းသတင်းဖြင့် ဂုဏ်သတင်း ကျော်စောလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများအား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားများအား ဖျက်ဆီးပြုပြင်၍ အခြားအမည်များ တပ်၍ ဖြန့်ဖြူးရောင်းချခြင်း၊ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ ဂုဏ်သတင်း ကျဆင်းစေရန် ပြုမူဆောင်ရွက်ခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအား တုပပြုလုပ်ဖြန့်ဖြူးရောင်းချခဲ့ပါကလည်းကောင်း၊ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ ဂုဏ်သတင်း ကျဆင်းစေရန် ပြုမူဆောင်ရွက်ခဲ့ပါကလည်းကောင်း ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)
LL.B, A.G.T.I(EP), D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)

ဦးဇေယျာထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)

ဒေါ်ချယ်ရီလှိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)

ဦးစိုးလွင်ဦး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)

အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၇

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မီးသွေးစုရပ်နေ သီရိနိုင်သည် ၎င်းအသုံးပြုသည့် "Thiri Naing" Facebook အကောင့်၊ ညောင်ဦးမြို့နယ် အမှတ်(၁၅)တိုးချဲ့ရပ်ကွက်နေ စိုးအောင်သူသည် ၎င်းအသုံးပြုသည့် "Soe Aung Thu" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ ကလို့ကွင်းကျေးရွာနေ ဝေလင်းအောင်သည် ၎င်းအသုံးပြုသည့် "Wai Linn Aung" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၁၇၆/မမ/CE | **တိုင်း(၁၀)ပခုက္ကူ** မုန်းချောင်းတံတားပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း( လုပ်ငန်းဆက်) |
| ၂ | ၁၇၇/မမ/CE | **ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း** ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ အင်းစိန်ဘူတာနှင့် ရွာမဘူတာကြားတွင် (Steel Structure, Walkway, Steel Structure Roofing, RC Short Column & RC Foundation) လူကူးခုံးကျော်တံတား (FOB) တည်ဆောက်ခြင်းလုပ်ငန်း |
| ၃ | ၁၇၈/မမ/CE | **ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း** ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ကမာရွတ်ဘူတာနှင့် သီရိမြိုင်ဘူတာကြားတွင် (Steel Structure, Walkway, Steel Structure Roofing, RC Short Column & RC Foundation) လူကူးခုံးကျော်တံတား (FOB) တည်ဆောက်ခြင်းလုပ်ငန်း |
| ၄ | ၁၇၉/မမ/S&T | အောင်ပန်း - ရွှေညောင် - တောင်ကြီး - ပင်းပက် ရထားလမ်းပိုင်းရှိ ဘူတာ (၅) ဘူတာ၏ အချက်ပြစနစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၅ . ၁၂ . ၂၀၂၂ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၄ . ၁၁ .၂၀၂၂) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291985, 291994




## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေး ရွာအုပ်စု၊ ကွင်း/အကွက်နှင့်အမည်(၆၉၄)၊ ဦးပိုင်အမှတ်(၄၀)၊ မြေဧရိယာ(၁.၆၃)ဧကမှခွဲထွက်၍ အကွက်အမှတ်(B-1)၊ အကွက်အမှတ်(C-1)တို့အား ရောင်းချသူ ဦးအောင်ကို လွင် ၃/လဘန(နိုင်)၀၀၁၅၄၁ထံမှ ဝယ်ယူသူဒေါ်နန်းစန္ဒီ ၁၃/တကန(နိုင်)၁၂၈၁၈၂ က စရန်ငွေတစ်စိတ်တစ်ဒေသကို (၂၇-၉-၂၀၂၂)ရက်နှင့် (၂၈-၉-၂၀၂၂)ရက်တွင် စာချုပ်ချုပ်ဆိုပေးချေခဲ့ပြီးဝယ်ယူခဲ့ပါသည်။ ကျန်ငွေပေးချေမည့် ရက်နေ့မတိုင်မီ အထက်အဆိုပါ မြေကွက်နှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်ပြန်လည် ညှိနှိုင်းကြပြီးအထက်ပါ စရန်ပေးစာချုပ်အား ဦးအောင်ကိုလွင်နှင့် ဒေါ်နန်းစန္ဒီတို့မှ နှစ်ဦးသဘောတူကျေနပ်စွာ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း အထက်အဆိုပါ မြေကွက်ဝယ်ယူမှုနှင့်ပတ်သက်၍ ရောင်းချသူ ဦးအောင်ကိုလွင်သာ ပြန်လည်ပိုင်ဆိုင်သွားပြီဖြစ်ပြီး အထက်အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဒေါ်နန်းစန္ဒီနှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်း ဦးအောင်ကိုလွင်မှ အထက်အဆိုပါမြေကွက်အား ဝယ်ယူလိုသူ မည်သူ့ကိုမဆို ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာခြင်းဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးအောင်ကိုလွင်
၃/လဘန(နိုင်)၀၀၁၅၄၁

လွှဲအပ်ညွှန်ကြားသူ-
ဦးနေမျိုးဇော်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ
"နိုင်" ဥပဒေအကျိုးဆောင်
အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ပေါက်မြို့နယ်တရားမရုံး၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅

မခိုင်မာဝင်း နှင့် ကိုဇော်မင်းဦး
**တရားလို** **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊နံ့သာကျေးရွာအုပ်စု၊ရှားပင်ရေကျေးရွာနေ ကိုဇော်မင်းဦး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ မခိုင်မာဝင်းက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် နိုဝင်ဘာ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထွယ်ဂျတ်အောင်)
မြို့နယ်တရားသူကြီး
ပေါက်မြို့နယ်တရားရုံး

**သင့်စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစို့**

## ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်၊
## လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ဝိုင်းမော်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မြို့နယ်သမဝါယမအသင်းစုပိုင် မြေအားလေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၃-၁၁-၂၀၂၂ ရက်မှ ၂၉-၁၁-၂၀၂၂ ရက်အထိ
**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၉-၁၁-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီ
**လေလံလျှောက်လွှာရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစုလီမိတက်၊ မိုးညှင်းမြို့။

၂။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံတင် ထုခွဲရောင်းချရေးအဖွဲ့/အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်း တင်သွင်းလွှာလျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံပိတ်သိမ်းမည့် ၂၉-၁၁-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီနောက်ဆုံးထား၍ ဝိုင်းမော်မြို့နယ် သမဝါယမအသင်းစုလီမိတက်ရုံးသို့ နောက်ဆုံးထား ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက် နောက်ကျတင်သွင်းလာသော ဈေးနှုန်းတင်သွင်းလွှာလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီးသည့် နောက်နေ့ ၃၀-၁၁-၂၀၂၂ ရက်၊ ၁၀:၀၀ နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း - ၀၉ - ၂၆၃၂၅၆၀၃၈

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့

## ပျောက်ဆုံးကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စု(အောင်ချမ်းသာ)၊ ကွင်း/အကွက်နှင့်အမည်(၆၅၆/က- အောင်ချမ်းသာ)၊ ဦးပိုင်အမှတ်(၃)၊ မြေဧရိယာ(၂.၃၁)ဧကထဲမှ အကျယ်အဝန်း (၆၀ x ၈၀)ပေ (၂)ကွက်၊ အကွက်အမှတ်(D-1,D-2)၊ မြေကွက်အား ရောင်းချသူ ဦးအောင်မင်း ၉/မမန(နိုင်)၀၀၃ ၀၉၈ထံမှ ဝယ်ယူသူ ကျွန်မဒေါ်ခင်ထွေးဇော် ၁၂/ဗဟန(နိုင်)၀၇၅၄၆၄မှ ဝယ်ယူခဲ့ပြီး ယနေ့ချိန်ထိ လက်ရောက်ရရှိထားခဲ့ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်သော စာရွက်စာတမ်းမူရင်းများမှာ အိမ်အပြောင်းအရွှေ့ပြုလုပ်၍သော်လည်းကောင်း၊ ခရီးသွားရင်း ပျောက်ဆုံးသွား၍ သော်လည်းကောင်း၊ ပျောက်ဆုံးနေသည်မှာ မှန်ကန်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ထွေးဇော်
၁၂/ဗဟန(နိုင်)၀၇၅၄၆၄

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/42337 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာထွန်း ၁၄/ဟသတ(နိုင်) ၃၀၅၆၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## စာအုပ်စာပေ လူ့မိတ်ဆွေ


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၆၁ ဆူ | ၂၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၁ ကျင်း | ၅၈၈၉. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၁၆. ၀၈ ကျင်း | ၁၁၅ ကျင်း | ၁၆၀၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၁၀ စုံ | ၂၉၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
## (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ လ ၈ ရက်)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/<br>လစာနှုန်းထား(ကျပ်) | ခန့်ထားမည့်<br>ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့်<br>ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး<br>(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၁၅ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုရရှိရမည်။ |
| (ခ) | အငယ်တန်းစာရေး<br>(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃၆၅ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုရရှိရမည်။ |
| (ဂ) | ယာဉ်မောင်း-၅ (အမျိုးသား)<br>(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁၀ နေရာ | အခြေခံပညာအလယ်တန်းအဆင့်၊<br>ယာဉ်မောင်းလိုင်စင် (ခ) ရှိရမည်။ |
| (ဃ) | ရုံးအကူ<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၄၀ နေရာ | အခြေခံပညာအလယ်တန်းအဆင့် ရှိရမည်။ |
| (င) | အစောင့် (အမျိုးသား)<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၅၃ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (စ) | သန့်ရှင်းရေးအကူ<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၄၀ နေရာ | အခြေခံပညာမူလတန်း အဆင့်ရှိရမည်။ |
| (ဆ) | လုပ်သား (ထမင်းချက်)<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၆ နေရာ | အခြေခံပညာမူလတန်း အဆင့်ရှိရမည်။ |
| (ဇ) | လုပ်သား (ရင်ခွဲရုံလုပ်သား)<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁ နေရာ | အခြေခံပညာမူလတန်း အဆင့်ရှိရမည်။ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက လူမှုဖူလုံရေး အဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံး၊ ခရိုင်လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံး၊ အလုပ်သမား ဆေးရုံကြီးများ (ရန်ကုန်/မန္တလေး/ထန်းတပင်)နှင့် မြို့နယ်လူမှုဖူလုံရေးဆေးခန်းများတွင် တာဝန်ထမ်းဆောင်ရမည် ဖြစ်ပြီး လျှောက်ထားသူများသည်-

- (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဂ) အထက်အပိုဒ် (၁) ပါ သတ်မှတ် ပညာအရည်အချင်းပြည့်မီသူဖြစ်ရမည်။
- (ဃ) အမှတ်စဉ် (က) နှင့် (ခ) လျှောက်ထားလိုသူများသည် ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၁၈) နှစ် ပြည့်ပြီး အသက် (၃၀)နှစ်ထက်မကျော်စေရ။ ဝန်ထမ်းဖြစ်ပါက ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၃၅) နှစ်ထက်မကျော်စေရ၊ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- (င) အမှတ်စဉ် (ဂ)၊ (ဃ) လျှောက်ထားလိုသူများသည် ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၅) နှစ်ထက်မကျော်စေရ။
- (စ) အမှတ်စဉ် (င)၊ (စ)၊ (ဆ)၊ (ဇ) လျှောက်ထားလိုသူများသည် ၃၀-၁၁-၂၀၂၂ ရက်တွင် အသက်(၁၈) နှစ် ပြည့်ပြီး အသက် (၄၅)နှစ်ထက်မကျော်စေရ။
- (ဆ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာ ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရပါမည်။

၃။ လျှောက်လွှာပုံစံအား လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံ ရေးရုံးများ၊ မြို့နယ်လူမှုဖူလုံရေးရုံးများတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက် အထားများ ပူးတွဲတင်ပြရမည်-

- (က) ဘွဲ့လက်မှတ်မိတ္တူ
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
- (ဂ) အမှတ်စဉ် (ဂ)၊ (ဃ) လျှောက်ထားသူများသည် အခြေခံအလယ်တန်းအဆင့် ပညာရေးအထောက် အထား မိတ္တူနှင့် အမှတ်စဉ် (ဂ) လျှောက်ထားသူများသည် ယာဉ်မောင်း လိုင်စင် (ခ) မိတ္တူ
- (ဃ) အမှတ်စဉ် (င)၊ (စ)၊ (ဆ)၊ (ဇ) လျှောက်ထားသူများသည် အခြေခံမူလတန်းအဆင့် ပညာရေး အထောက် အထားမိတ္တူ
- (င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (စ) အိမ်ထောင်စုစာရင်းမိတ္တူ
- (ဆ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဇ) အမှတ်စဉ် (ဂ)၊ (ဃ) လျှောက်ထားသူများသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၃၅)ထက်မကျော်လွန်ရ၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်မူရင်းနှင့် ပြစ်မှုကင်းရှင်း ကြောင်း ထောက်ခံချက်မူရင်း
- (ဈ) ယခင်က နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း ရှိ/မရှိနှင့် ရှိပါက မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် အလုပ်မှနုတ်ထွက်ခဲ့သည့် အကြောင်းအရာ၊ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ
- (ည) အစိုးရဌာန တစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) ခြင်း၊ ရာထူးမှ ထုတ်ပယ် (Removal) ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။
- (ဋ) လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်းနှင့် ပတ်စပို့အရွယ်ဓါတ်ပုံ (၃)ပုံ ပူးတွဲတင်ပြရမည်။
- (ဌ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ
- (ဍ) ပြန်တမ်းဝင်အရာရှိ တစ်ဦးဦး၏ ထောက်ခံချက်

၄။ လျှောက်လွှာများကို ၃၀-၁၁-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် လူမှုဖူလုံရေး အဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံး များတွင် လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်။

၅။ အမှတ်စဉ် (က)၊ (ခ) လျှောက်ထားသူများသည် အထွေထွေဗဟုသုတဘာသာရပ်/အင်္ဂလိပ်စာဘာသာရပ် ရေးဖြေစာမေးပွဲနှင့် ကွန်ပျူတာ(လက်တွေ့)၊ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းများ ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် အမှတ်စဉ် (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) လျှောက်ထားသူများသည် လူတွေ့နှုတ်ဖြေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများတွင် ဖြေဆိုရမည်။ ဖြေဆိုမည့်နေ့ရက်အား လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများတွင် ကြေညာ ပေးမည်။ ဝန်ကြီးဌာန၏ Website (https://www.mol.gov.mm) တွင် ဖော်ပြထားပါသည်။

၆။ ဝန်ထမ်းသစ်လျှောက်လွှာများအား လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ် လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများတွင်ရယူနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက ပြည်နယ်/တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးများနှင့် နေပြည်တော်ကောင်စီ၊ လူမှုဖူလုံရေး အဖွဲ့(ရုံးချုပ်) နေပြည်တော်၊ ၀၆၇-၃၄၁၇၉၀၃၊ ၀၆၇-၃၁၇၉၀၆ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမားဝန်ကြီးဌာန**

---

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ မြင်းခြံ၊ ပူတာအို၊ လှိုင်ကော်၊ မော်လမြိုင်၊ သံတွဲ၊ ရွှေပြည်သာ၊ အင်းစိန်၊ သန်လျင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်)နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း (Japan – Myanmar Aung San Vocational Training Institute) စုစုပေါင်း (၂၅) ကျောင်းတို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်း ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာတွဲများ ပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာစုစုပေါင်း ရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများ မှာ အောက်ပါအတိုင်း ဖြစ်သည်-

- (က) မြို့ပြအင်ဂျင်နီယာ(အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၃)၊ ပြင်ဦးလွင်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)
- (ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ(အပိုဒ်(၁)ပါ ကျောင်းပေါင်း(၁၉)၊ ပူတာအို၊ သံတွဲ၊ တောင်ငူ၊ ထားဝယ်၊ သန်လျင်နှင့် ဂျပန်-မြန်မာ အောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ(အပိုဒ်(၁)ပါကျောင်းပေါင်း(၂၄)၊ ဂျပန်- မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)
- (ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၄)၊ ဂျပန်-မြန်မာ အောင်ဆန်းသက်မွေး ပညာသင်တန်းကျောင်း မပါဝင်ပါ)
- (င) သုတနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ အင်းစိန်၊ ကန့်ဘလူ))
- (စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ (အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ ပြင်ဦးလွင်))
- (ဆ) စက်မှုလယ်ယာနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ (ဝါးခယ်မ၊ ကျိုက်လတ်))
- (ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း))
- (ဈ) စက်မှုလုပ်ငန်းဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာ (ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း)

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ် ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည် အချင်းပြည့်မီပါက BE နှင့် B.Tech သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ (၅-၁၁-၂၀၂၂)ရက် တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို (၂၀-၁၁-၂၀၂၂)ရက် နောက်ဆုံး ထား၍ မိမိတို့တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

- (က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
- (ခ) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ထောက်ခံစာ မူရင်း။
- (ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ် စာရင်း (မူရင်း)။
- (ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား(မိတ္တူ)။
- (င) ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရာဒေသ သက်ဆိုင်ရာနယ်မြေ ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။
- (စ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရစက်မှု လက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၁-ဘီ)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄-စီမံကိန်း-၂)၊ မြေကွက်အမှတ်(၁-ဘီ)၊ ၁၀၈၀-စတုရန်းပေ (အလျား ၂၆/၁၅ X အနံ ၆၀)ပေရှိ ဒေါ်မြင့်မြင့်စိုးအမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်နှင့်နေအိမ်၏အကျိုးခံစားခွင့်အရပ်ရပ်ကို နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်သူ ဒေါ်မြင့်မြင့်စိုး ၁၂/ဥကတ(နိုင်)၀၆၅၃၈၃ ကိုယ်တိုင်အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားပိုင်ဆိုင် ကြောင်းနှင့် ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် စကား ကမ်းလှမ်းရာ ဒေါ်အိနန္ဒာဝင်း ၆/ထဝန(နိုင်)၀၇၂၇၉၄ မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို အကျိုး ခံစားခွင့်သက်ဆိုင်သူများရှိပါက ကန့်ကွက်နိုင်ပါကြောင်း ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီးကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးသန်းထွန်း(B.Sc, H.G.P, D.B.L, D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၁၀၆၁၆)**
အမှတ်(၁၁၄)၊ မြေညီ၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်
ဖုန်း-၀၉-၅၁၈၃၃၂၆၊ ၀၉-၇၇၅၁၈၃၃၂၆

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် (၆၅/၁)၊ မြေဧရိယာ ၀ ဒသမ ၈၆၇ဧကရှိမြေကွက်သည် မူလကဒေါ်လဘန်ဘောက်လှိုင်အမည်ဖြင့် ၂၀-၄-၂၀၁၆ ရက်အထိ မြေငှားဂရန်အမည်ပေါက်သော မြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်လဘန်ဘောက်လှိုင်ထံမှ ဦးတူးဂျာက ၆-၅-၂၀၂၂ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၁၆၅/၂၀၂၂)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးတူးဂျာ ၁/မညန(နိုင်)၁၃၀၇၁၈အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်သစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ကျိုးကြောင်းဖော်ပြချက်ခိုင်လုံ စွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံစာရင်းကောင်စီ
## အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန် လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံခြားတိုင်းပြည်များမှ စာရင်းပညာဆိုင်ရာလက်မှတ်ရရှိထားသည့် နိုင်ငံသား များအား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရန် အရည်အချင်းစစ် စာမေးပွဲကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည်ဖြစ်ပါသည်။

၂။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်ရှိသူများ၊ သင်ရိုးညွှန်းတမ်း၊ ဖြေဆိုရမည့်နေရာ၊ အချိန်စာရင်း၊ လျှောက်လွှာတင်သွင်းရန်အချက်အလက်များကို ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ်၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းနှင့် ဤရုံး၏ Website: www.oagmac.gov.mm တွင် ကြေညာထားပါမည်။

၃။ ဖုန်းနံပါတ်-၀၁-၂၂၇၂၄၆၊ ၀၉-၇၅၈၃၈၃၁၅၉ တို့သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါ သည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

---

## အိတ်ဖွင့်တင်ဒါအမှတ် (၂/၂၀၂၂-၂၀၂၃)ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်း ဦးစီးဌာနမှ မုံရွာ၊ Mine Site ရှိ ကက်သုတ်ကြေးနီ (၂၀၀)မက်ထရစ်တန်အား (၁၀)မက်ထရစ်တန် (20)Lots ခွဲ၍ ပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံး စက်မှုလ က်မှုလုပ်ငန်းရှင်များသို့ **“မြန်မာကျပ်ငွေ”**ဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချ မည် ဖြစ်ပါသည်။

၂။ ကက်သုတ်ကြေးနီ၏ ကြမ်းခင်းဈေးနှုန်းမှာ တင်ဒါဖွင့်သည့် နေ့တွင်ရှိမည့် ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်း (London Metal Exchange–LME) ပါ ကက်သုတ် ကြေးနီ တစ်တန်ဈေးနှုန်း (Unknown Price)အပေါ်တွင် အခြေခံ၍ သတ်မှတ်မည် ဖြစ်ပါသည်။ အဆိုပြုဈေးနှုန်းအား (LME + Premium) ဖြင့် ဖော်ပြရာတွင် အမေရိကန်ဒေါ်လာဖြင့် ရေးသားဖော်ပြရမည်ဖြစ်ပြီး Premium ကြေးအများဆုံး ပေးသွင်းနိုင်သည့် အဆိုပြုတင်သွင်းသူကို တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ် မည်ဖြစ်ပါသည်။ တင်ဒါအောင်မြင်သည့် ကက်သုတ်ကြေးနီတန်ဖိုးငွေ ပေးချေရာ တွင် အမေရိကန်ဒေါ်လာဈေးနှုန်းအပေါ် တင်ဒါဖွင့်သည့်နေ့ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ငွေလဲလှယ်နှုန်းဖြင့် တန်ဖိုးသင့်၍ မြန်မာကျပ်ငွေဖြင့် ပေးချေရမည် ဖြစ်ပါသည်။

၃။ တင်ဒါပိတ်မည့် နေ့ရက်နှင့်အချိန်မှာ ၂၃-၁၁-၂၀၂၂ ရက်နေ့ မွန်းလွဲ (၁၄:၀၀) နာရီဖြစ်ပြီး ယင်းနေ့ ညနေ (၁၅:၀၀) နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဓာတ်သတ္တုဖွံ့ဖြိုးရေး ဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ၀၆၇-၃၄၀၉၃၇၈ နှင့် ၀၆၇-၃၄၀၉၃၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ်(၇၄)၊ ဦးပိုင်အမှတ်(၇၉၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေကွက်သည် မူလက မြို့မြေနေရာချထားရေးဗဟိုကော်မတီ၏ ၂၈-၁၁-၂၀၀၆ ရက်စွဲပါစာအမှတ် ၁/၁-၁/မြို့မြေချထားရေးအရ ဦးဗိုလ်တင်အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပြီး ၂၃-၆-၂၀၁၄ ရက်တွင် ဦးဗိုလ်တင်ထံမှ ဒေါ်နန်းသီတာမြင့်က လည်းကောင်း၊ ၂၃-၃-၂၀၂၂ရက်တွင် ဒေါ်နန်းသီတာမြင့်ထံမှ ဒေါ်နန်းမိုးဝင်းကလည်းကောင်း နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်နန်းမိုးဝင်း ၁/မကန(နိုင်)၁၀၁၇၉၇ အမည်ဖြင့်မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ်(၇၄)၊ ဦးပိုင်အမှတ်(၇၉၅/၂)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေကွက်သည် မူလကမြို့မြေနေရာချထားရေးဗဟို ကော်မတီ၏ ၁၃-၅-၂၀၀၇ ရက်စွဲပါ စာအမှတ် ၁/၁-၁/မြို့မြေချထားရေးအရ ဒေါ်သန္တာဝင်း အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပြီး ၁၃-၄-၂၀၁၃ ရက်တွင် ဒေါ်သန္တာဝင်းထံမှ ဒေါ်နန်းသီတာမြင့် ကလည်းကောင်း၊ ၂၃-၃-၂၀၂၂ရက်တွင် ဒေါ်နန်းသီတာမြင့်ထံမှ ဒေါ်နန်းမိုးဝင်းကလည်း ကောင်း နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်နန်းမိုးဝင်း ၁/မကန(နိုင်)၁၀၁၇၉၇ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၄-၄-၂၀၂၂ ရက်စွဲပါကျမ်းကျိန်လွှာအမှတ် (၁၆၆/၂၀၂၂)ကို ၇-၄-၂၀၂၂ရက်စွဲပါကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၁၄၉/၂၀၂၂)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက်လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထား သူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၁-၂၊ အုတ်ကျင်း အနောက်)၊ ဦးပိုင်အမှတ် (၁၆၂)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ဧကရှိမြေကွက်သည် မူလကဒေါ်ခင်ကြည်အမည်ဖြင့် ၁၁-၁၀-၂၀၂၆ ရက်အထိ မြေငှားဂရန်အမည်ပေါက်သောမြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်ခင်ကြည်ထံမှ ဦးတန်ကာဘဲလူးက ၆-၄-၂၀၂၂ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၁၀၉/၂၀၂၂)ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးတန်ကာဘဲလူး ၉/မရမ(နိုင်)၀၇၀၆၉၆ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် သစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ကျွန်တော်တို့အစိုးရအနေနဲ့ "ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ" ( Keep Moving Forward to Achieve Our Goal) ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကို အသိပေးပြောကြားလိုပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာရှိတယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၊ ဂုဏ်ပြုအမှာစကားပြောကြား

## ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့အနေဖြင့် နိုင်ငံတော်နှင့်တပ်မတော်၏ ရည်မှန်းချက်တာဝန်များကို ဆက်လက်အောင်မြင်အောင်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) နှစ်မြောက် စိန်ရတုထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၇**

(၇၅) နှစ်မြောက် စိန်ရတုထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

### ဖိတ်ကြားထားသူများ တက်ရောက်

အဆိုပါ (၇၅) နှစ်မြောက် စိန်ရတုထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အငြိမ်းစားထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ဝင် အရာရှိကြီးများ၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖


ယနေ့ သတင်းအညွှန်း

မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှု အခြေအနေ — စီးပွားရေးသတင်းများ စာ ၁၂



တန်ဇန်းနီးယား ခရီးသည်တင် လေယာဉ်ပျက်ကျမှု သေဆုံးသူ ၁၉ ဦးရှိလာ — နိုင်ငံတကာသတင်း စာ ၁၄

ကိုဗစ် – ၁၉ ရောဂါ ခံတတ်ခဲ့ အတည်ပြုလူနာသစ် ၄၄ ဦး တွေ့ရှိ — ပြည်တွင်းသတင်း စာ ၁၅